# မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ခုနှစ် ဧပြီလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃၁၀)၊ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ ၁၄−၁၀−၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား

နေပြည်တော် အောက်တိုဘာ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ထားဝယ်မြို့ရှိ ပုလဲဇေကရီခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ သို့ ✣

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၃

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

## ပုသိမ်-ဟင်္သာတ-ကြံခင်း မီးရထား ပုံမှန်ပြန်လည်ပြေးဆွဲမည်

**ကြံခင်း အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ငဝန်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားသည့်အတွက် ရေဖြတ်သန်းစီးဆင်းမှုကြောင့် ကျုံပျော်မြို့နယ်အတွင်းရှိ ရထားလမ်းပိုင်းအချို့ ရေကျော်မှုဖြစ်ပွားခဲ့သဖြင့် ပုသိမ်-ကြံခင်း (အစုန်၊ အဆန်)ရထားခရီးစဉ်ပြေးဆွဲမှု ယာယီရပ်ဆိုင်းထားခဲ့ရာ အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီတွင် ကြံခင်းဘူတာမှ ကြံခင်း-ဟင်္သာတ-ပုသိမ် မြန်မာ့မီးရထား ပုံမှန်ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ကြံခင်းမြို့နယ် မီးရထားရုံပိုင်ကြီးထံမှ သိရသည်။

အဆိုပါဖြစ်စဉ်များကြောင့် ကျုံပျော်မြို့နယ်အတွင်းရှိ ဇရပ်လှဘူတာနှင့် ဒိုက်ပျက်ဘူတာ




အကြား ရထားလမ်းပေါ်သို့ ရေကျော်လွှမ်းစီးဆင်းမှုရှိခဲ့ပြီး ခရီးသွားပြည်သူများ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ပုသိမ်-ကြံခင်း ပြေးဆွဲလျက်ရှိသော အစုန်/အဆန်ရထား ခရီးစဉ်များကို ဩဂုတ် ၃ ရက်၌ ယာယီဖျက်သိမ်း(ဆိုင်းငံ့)ထားရှိခဲ့ရာ ယခုအခါ ရထားလမ်းပိုင်းကို ပြန်လည်ပြုပြင်ပြီး ခရီးသွားပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန် အမှတ်(၉)တိုင်းနယ်မြေအတွင်း ကြံခင်း-ဟင်္သာတ-ပုသိမ် လမ်းပိုင်း၌ (၁၈၂)အစုန်နှင့် (၁၈၁)အဆန် အမြန်ရထားကို ပုံမှန်ပြန်လည် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ



## ဆောင်းကြက်သွန်စိုက်ဧက ၁၄၃၅၀ စိုက်ပျိုးရန် သတ်မှတ်လျာထားပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်

**မိတ္ထီလာ အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ဆောင်းကြက်သွန်စိုက်ဧက ၁၄၃၅၀ စိုက်ပျိုးရန် သတ်မှတ်လျာထားပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်း ဆောင်းကြက်သွန်စိုက်ပျိုးဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်းကြက်သွန်စိုက်ပျိုးမည့်တောင်သူများအား ကြက်သွန်နီ မျိုးစေ့ထုတ်လုပ်ရေး၊ ပိုးမွှားရောဂါနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများ၊ ပိုးသတ်ဆေးဓာတ်ကြွင်းများအကြောင်း သိရှိနိုင်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၌ မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများက ဆောင်းကြက်သွန်စိုက်ပျိုးဧက ၁၄၃၅၀ စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၆၉)**

ဝ-ဝ-ဝ-ဝ-ဝ

၂၀၂၆ ခုနှစ် ၊ အောက်တိုဘာ ၁၄ ရက် ၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ပြည့်ဝနေရန် ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ယန္တရားကြီးတစ်ခုလုံး ပြည့်စုံကောင်းမွန်ရန်အတွက် ကျွမ်းကျင်သည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ပြည့်ဝနေရန် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင်တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးတွင် ပြည်သူလူထုအားလုံးလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန်အတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လုံလောက်အောင် တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ်တွင်Naypyitaw State Academy ၌ ဆေးသိပ္ပံပညာမဟာဌာန (Faculty of Medicine)ကို ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုအခါဆေးတက္ကသိုလ်(၆)ခုနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်(၁၁)ခု၊ စုစုပေါင်းတက္ကသိုလ် (၁၇)ခုရှိလာပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားအား အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် "မောင်တို့မယ်တို့အနေဖြင့် ပညာသင်ကြားမှုအဆင့်တစ်ခုပြီးဆုံးပြီး ဆည်းပူးလေ့လာခဲ့သည့်ပညာရပ်များကို ပြည်သူ့အကျိုးအတွက် လက် တွေ့အသုံးချမည့် ဆရာဝန်ဘဝ၊ နိုင်ငံ့ဝန်ထမ်းဘဝကို တရားဝင်စတင်သည့် အရေးကြီးသည့်မှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း၊ ယနေ့မောင်တို့မယ်တို့ လက်ခံရရှိမည့်ခန့်အပ်လွှာသည် အလုပ်တစ်ခုရရှိကြောင်းအတည်ပြုသည့် စာရွက်စာတမ်းတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်နှင့်ပြည်သူလူထုက မိမိတို့အပေါ်ယုံကြည်အပ်နှံလိုက်သော တာဝန်ကိုကိုယ်စားပြုသည့် အမှတ်အသားတစ်ခုလည်းဖြစ်ကြောင်း၊ အဆိုပါယုံကြည်မှုကိုတန်ဖိုးထားပြီး မိမိတို့၏ပညာ၊ အချိန်၊ အင်အားနှင့် စေတနာတို့ကို ပြည်သူ့ကျန်းမာရေးအတွက် အကောင်းဆုံးအသုံးချကြရန်တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်းကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက် လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိဆိုသည့်မူဝါဒနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကိုတည်ဆောက်ရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ခြင်းကြောင့် ပြည်သူလူထုကိုတိုက်ရိုက်အကျိုးပြုမည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးထား ကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း၊ ထို့အပြင်ဆေးရုံရှိလျှင်၊ ဆရာဝန်ရှိရမည်ဆိုသည့် အဓိကရည်မှန်းချက်ကို ပြည့်ဝစေရေးအလေးထားပြီး မြို့ပြနှင့်ကျေးလက်မကျန်၊ ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုကိုရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးအသုံးစရိတ်သည် ၂၀၀၀ ပြည့်နှစ်တွင် စုစုပေါင်း အစိုးရအသုံးစရိတ်၏ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သော်လည်း ယခု ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ကျပ်သန်း ၁၃၉၁ ဘီလီယံကျော်အထိ တိုးမြှင့်ပေးထားပြီး ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ချထားပေးနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းပြောကြားသည်။

နိုင်ငံတော်အနေဖြင့်လည်း ကျန်းမာရေးလူ့စွမ်းအားစုများကို သမားဂုဏ်နှင့်အညီ ဆေးပညာကျင့်ဝတ်များဖြင့် ပြည်သူလူထုကိုဦးထိပ်ထားပြီး ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန် စဉ်ဆက်မပြတ်မွေးထုတ်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပဲမြစ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် အောက်တိုဘာ ၁၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ရှားပင်ကျေးရွာမှ တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် မိုးရေ၊ မြေအောက်ရေနှင့် ကိုယ်ပိုင်မြစ်ရေတင်စနစ်များကို အဓိကထားကာ စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရှိရပြီး တောင်သူ ဦးစိုးရွှေ စိုက်ပျိုးထားသော ပဲမြစ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပဲမြစ်စိုက်ပျိုးရန်အတွက် မြေကိုကောင်းမွန်စွာ ပြုပြင်ထားရပြီး မျိုးစေ့ရွေးချယ်မှုသည် အရေးကြီးကြောင်း၊ မျိုးရွေးချယ်မှု မှန်ကန်မှသာ ပဲမြစ်အထွက်နှုန်းကောင်းပြီး ရောင်းချရာတွင် ဝယ်ယူသူများပြားကြောင်း၊ ပဲမြစ်တစ်ဧကစိုက်ပျိုးမည်ဆိုပါက မျိုးစေ့တစ်တင်း အသုံးပြုရကြောင်း ပဲမြစ်စိုက်ပျိုးထားသည့် တောင်သူဦးဝင်းကို ပြောပြ၍ သိရပြီး သက်တမ်းအားဖြင့် လေးလမှ ငါးအထိကြာမြင့်ကြောင်း မျိုးရွေးချယ်မှု မှန်ကန်ပြီး အပင်ပြုစုမှု ကောင်းမွန်ပါက လယ်တစ်ဧကတွင် ပိဿာချိန် ကိုးရာကျော် ထွက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

## ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၁၂၅၀ သိန်း ထုတ်ချေးပေးသွားမည်

မိုးညှင်း အောက်တိုဘာ ၁၃

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၁၂၅၀ သိန်း ထုတ်ချေးပေးသွားမည်ဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်း သက်သာစွာဖြင့် ရာသီအလိုက် ထုတ်ချေးပေးလျက်ရှိရာ မိုးညှင်းခရိုင်ဘဏ်ခွဲအနေဖြင့် ၂၀၂၆ ခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းခွဲနှုန်းဖြင့် မိုးညှင်းမြို့နယ်တွင် တောင်သူစုစုပေါင်း ၆၈၅၁ ဦးတို့၏ စိုက်ပျိုးဧက ၄၅၀၀ အတွက် ငွေကျပ်သိန်းပေါင်း ၁၁၂၅၀ သိန်းအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

၀-၀-၀-၀-၀

## စာရေးဆရာများနှင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၁၃

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစာရေးဆရာမအသင်း(ချမ်းမြသာစည်မြို့နယ်)တို့ ပူးပေါင်းကာ ကျောင်းသား၊ ကျောင်းသူများ လိမ္မာရေးခြားရှိလာစေရန် ရည်ရွယ်၍ စာရေးဆရာ စိုးထိုက် ရေးသားသော "မင်္ဂလာရှိရှိနေထိုင်နည်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ပြုလုပ်သည်။

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာဦးဘုန်းဇော်မိုး(ဥသာ)နှင့် စာပေစေတမန် စိုင်းမြတ်သူ(ရွှေဘို)တို့က လူတိုင်းအတွက် ၃၈ ဖြာမင်္ဂလာတရားတော်လာ လက်တွေ့တိုးတက်ကြီးပွားရေး နီတိကျမ်း မင်္ဂလာရှိရှိနေထိုင်နည်း စာအုပ်ထဲမှ ကျောင်းသား၊ ကျောင်းသူများဗဟုသုတရရှိစေရန် လူမိုက်ကိုမပေါင်းသင့်ကြောင်း၊ ပညာရှိကိုမှီဝဲဆည်းကပ်သင့်ကြောင်း၊ စည်းကမ်းတကျနေထိုင်နည်း၊ မှန်ကန်ပြီး အကျိုးရှိတဲ့စကားကိုသာ ပြောကြားသင့်ကြောင်းအစရှိသည်တို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**အလင်းသစ်(ပြန်/ဆက်)**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❖ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ**

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ဒေသဆိုင်ရာ အချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း မြေအသုံးချမှုနှင့် မိုးရွာသွန်းမှု အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ ပဲမျိုးစုံစိုက်ပျိုးထွက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်လျက်ရှိမှု၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေး သုတေသနစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဆီကြိမ်းထွက်ရှိမှုနှင့် ဒေသဆီဖူလုံမှုရှိစေရေးအတွက် ဆီချောစက်ရုံ တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဆီအုန်းစိုက်ပျိုးမှုမှ ဒေသဝင်ငွေရရှိမှု၊ ရော်ဘာ၊ ကော်ဖီ၊ ကိုကိုးပင်များ စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ မွေးမြူရေးရေထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မှုနှင့် တင်ပို့နိုင်မှု၊ ပုစွန်သားဖောက်စခန်းတည်ဆောက်နေမှု၊ ပုလဲ၊ မုတ်ခွံမွေးမြူထုတ်လုပ်နိုင်မှု၊ နှစ်အလိုက် အိမ်မွေးငှက်သိုက်ထုတ်လုပ်မှုနှင့် အခွန်ကောက်ခံရရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုရေးကဏ္ဍများ မြင့်မားတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရော်ဘာမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိ မြို့ဖများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များက တနင်္သာရီတိုင်းဒေသကြီးသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားအပန်းဖြေဧည့်သည်များ ပိုမိုအဆင်ပြေစွာ အများအပြားလာရောက်လည်ပတ်နိုင်ရေးနှင့် ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတို့ကို အထောက်အပံ့ ဖြစ်စေနိုင်ရေးအတွက် တနင်္သာရီ တိုင်းဒေသကြီးအတွင်းသို့ ပြေးဆွဲနေသည့် လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခ နှုန်းထားများ ဖြေလျှော့ပေးစေလိုမှု၊ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်သမ္မတကြီးအနေဖြင့် မြိတ်ဒေသသို့ ရောက်ရှိစဉ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်မြို့ မြို့မအားကစားကွင်းအား အဆင့်မြှင့်တင်ခြင်း၊ မြိတ်လေယာဉ်ကွင်း အဆင့်မြှင့်တင်တိုးချဲ့ခြင်း၊ မြိတ်ပြည်သူ့ဆေးရုံအား ခုတင်(၃၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ခြင်းတို့အား ဆောင်ရွက်ပေးခဲ့မှုများအတွက် ဒေသခံများအားလုံးအနေဖြင့် အထူးပင်ဝမ်းမြောက် ကျေးဇူးတင်လျက်ရှိမှု၊ ဒေသခံများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ မြိတ်မြို့ဒေသခံများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိမှု၊ လေယာဉ်ကွင်းအဆင့်မြှင့်တင်ခြင်းပြီးစီးပါက ဒေသထွက်တန်ဖိုးမြင့်ရေထွက်ပစ္စည်းထုတ်ကုန်များအား ကုန်တင်လေယာဉ်များဖြင့် ပြည်ပနိုင်ငံဈေးကွက်များသို့ တင်ပို့နိုင်ရေး ဆက်သွယ်ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းထွက်ရှိသည့် သဘာဝငှက်သိုက် ထုတ်ကုန်များအား အသေးစားလုပ်ငန်းများ ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းမှ ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကိုအသုံးပြု၍ရော်ဘာလက်အိတ်များ အပါအဝင် အခြားတန်ဖိုးမြှင့်ရော်ဘာထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် စက်ရုံတည်ဆောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုချေးငွေရရှိရေး နိုင်ငံတော်မှကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း လိုအပ်သည့် လူသုံးကုန်ပစ္စည်းများအား ဒေသတွင်း၌ပင် ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် စက်ကိရိယာများဝယ်ယူရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် ချေးငွေရရှိလိုမှု၊ တိုင်းဒေသကြီးအတွင်း ရေထုတ်ကုန်ပစ္စည်းများထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ရေး၊ အခြေခံလူတန်းစား ရေလုပ်သားတို့၏ မိသားစုရပ်တည်မှု အဆင်ပြေစေရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များ၊ မူဝါဒနှင့် ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်မှလိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ တိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ ပြည်တွင်းစားသုံးဆီဖူလုံမှုကို အထောက်အပံ့ဖြစ်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် အခြားဒေသဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းပြခန်းများကို ကြည့်ရှုစဉ်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆွေးနွေးတင်ပြမှုများ အပေါ် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေး ပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီး အတွင်းသို့ ပြည်တွင်းလေကြောင်းလိုင်းများ ပြေးဆွဲစေလျက်ရှိပြီး လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေနှင့် လေကြောင်းခရီးစဉ် ပြေးဆွဲမှုအတွက် ကုန်ကျစရိတ်တို့အပေါ် မူတည်တွက်ချက်၍ လေယာဉ်လက်မှတ်ခ နှုန်းထားများကို သတ်မှတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး သင့်လျော်သည့်နှုန်းထားရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ ထားဝယ်ဒေသသို့ ရက်သတ္တပတ်တစ်ပတ်လျှင် လေကြောင်း ခရီးစဉ်ခုနစ်ခေါက်ပြေးဆွဲပေးလျက်ရှိမှုနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ လေဆိပ်အဆင့်မြှင့်တင်ခြင်းနှင့် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် ခရီးသွားလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် အဆင်ပြေချောမွေ့လာနိုင်မည့် အခြေအနေများ၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့်အတူ ဖြစ်ပေါ်လာနိုင်မည့်၊ ဒေသဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အခွင့်အလမ်းများ၊ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပိုမိုလျင်မြန်ချောမွေ့လာစေရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ တနင်္သာရီ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် သဘာဝငှက်သိုက်ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် စနစ်ကျသည့် ထုတ်လုပ်မှုဖြစ်စေရေး ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးနှင့် ချေးငွေများရရှိရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ မူဝါဒသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားကြရန်လိုအပ်မှု၊ တိုင်းဒေသကြီးအတွင်း မြေယာအသုံးချမှုများနှင့်ပတ်သက်၍ ခွင့်ပြုပေးထားသည့် လုပ်ငန်းအမျိုးအစားအလိုက် စနစ်တကျနှင့် အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားကြရန် လိုအပ်သည့် အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း ကြွယ်ဝစွာတည်ရှိနေသည့် စွမ်းအင်အရင်းအမြစ်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထုတ်ယူသုံးစွဲ၍ ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိဆောင်ရွက်သွားနိုင်သည့် အခြေအနေများ၊ ဒေသထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် MSME ပြပွဲများကျင်းပ၍ ထုတ်ကုန်ပစ္စည်းများဈေးကွက်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြှင့် ရော်ဘာထုတ်ကုန်များထုတ်လုပ်နိုင်သည့် စက်ရုံတည်ဆောက်နိုင်ရေး လိုအပ်သည်များကို ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်၍ အားပေးဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကြသည်။ စာမျက်နှာ ၄ သို့ ❖

**☆ တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းနှင့် အရင်းအမြစ်များ များစွာရှိပြီးဖြစ်၍ ဆီအုန်း၊ ရော်ဘာ၊ ဒူးရင်း စသည့်နှစ်ရှည်ပင်များအနေဖြင့် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းပြီး စိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုတိုးတက်စေရေး စိုက်ပျိုးရေး သုတေသနများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လို**

**☆ ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် ကိုကိုးပင်များကိုလည်း နှစ်ရှည်သီးနှံပင်များနှင့်တွဲ၍ တိုးချဲ့စိုက်ပျိုးသွားကြခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူဖြစ်လာစေမည်၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသဝမ်းစာ ဖူလုံကိုက်ညီမှုရှိအောင် မွေးမြူထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးဈေးနှုန်းကြီးမြင့်မှုများကို လျှော့ချပေးနိုင်မည်**

**☆ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် တိရစ္ဆာန်အစာများ ထုတ်လုပ်မွေးမြူကြမည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ဆောင်ရွက်သွားရန်လို၊ ဒေသတွင်း ထုတ်လုပ်မှုနှင့် စားသုံးမှုများ မျှတအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဘဝများတိုးတက်လာအောင် ဖော်ဆောင်ပေးသွားကြရမည်**

❖ စာမျက်နှာ ၃ မှ

### နိုင်ငံတော်၏ နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုနှင့် ပညာရေးအရ ပြုပြင်ပြောင်းလဲမှုများ မဖြစ်မနေ လုပ်ဆောင်ရန်လိုအပ်မှု

ထို့နောက် နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူရပြီးနောက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးသို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိခြင်းဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် တစ်နှစ်ပတ်လုံး မိုးရေချိန်ကောင်းမွန်စွာ ရရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ဒေသ၏ ရေခံမြေခံကောင်းများ၊ ပိုင်ဆိုင်ထားရှိသည့် အရင်းအမြစ်များ၊ အခြေခံအချက်အလက်များအပေါ် မူတည်၍ ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်နိုင်ရန် စီမံချက်များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ရေခံမြေခံနှင့် အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီး ဖြစ်သော်လည်း နိုင်ငံရေးအရလှုံ့ဆော်သွေးထိုးမှုများကြောင့် အချို့သောနေရာများ၌ လုံခြုံရေးအရအားနည်းချက်များနှင့် မငြိမ်မသက်မှုများဖြစ်ပေါ်လျက်ရှိကာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကန့်သတ်ချက်များ ဖြစ်ပေါ်လျက်ရှိနေကြောင်း၊ ဒေသနှင့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် နိုင်ငံရေးအရ အမြတ်ထုတ် အသုံးချနေကြသည့် ပြည်ဖျက်မီဒီယာများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ စကားများကို နားယောင်ကာ အကောင်းအဆိုးနှင့် အကြောင်းအကျိုးကို ဆင်ခြင်သုံးသပ် ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်မှု မရှိခြင်းသည် ပညာရေးအရ အားနည်းချက်များ ရှိခဲ့ခြင်း၏ အကျိုးဆက်ပင်ဖြစ်ကြောင်း။

နိုင်ငံသားတစ်ဦးချင်းစီ၏ အတန်းပညာများ မြင့်မားလာမှသာ အသိပညာ၊ ခံယူချက်၊ ယုံကြည်မှုစိတ်ဓာတ်နှင့် စည်းကမ်းများ ကောင်းမွန်လာမည်ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုများ မှန်ကန်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများ၌လည်း နိုင်ငံရေးအရ သဘောထားတိုက်ဆိုင်မှု မရှိခြင်းများကြောင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လေ့ရှိကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သော်လည်း နိုင်ငံ၏ အနာဂတ်ကို ထိခိုက်ပျက်စီးစေမည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်အကျိုးစီးပွားများနှင့် အခြေခံအရင်းအမြစ်များကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်ကြခြင်းများ မရှိကြကြောင်း၊ ပညာတတ်များ ဖြစ်မှသာလျှင် အကောင်းအဆိုး အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့်နိုင်ငံ၏ အကျိုးစီးပွားကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ပညာရေးအရ ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ခေတ်အဆက်ဆက်အစိုးရများ အနေဖြင့် နိုင်ငံရေးစနစ်အမျိုးမျိုးကို ပြောင်းလဲကျင့်သုံးခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ခေတ်စနစ်များအလိုက် ကောင်းမွန်သည်များ ရှိခဲ့သကဲ့သို့ အားနည်းချက်များလည်း ရှိခဲ့ကြကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီအစိုးရသစ် ထွက်ပေါ်လာခဲ့ကြောင်း၊ ထို့နောက် ဒီမိုကရေစီဒုတိယအစိုးရလက်ထက် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မည်သို့မျှလက်ခံ၍မရနိုင်သည့် မဲမသမာမှုဖြစ်စဉ်ဖြစ်ပေါ်ခဲ့ပြီး ထိုအချိန်က နိုင်ငံတော်တွင် တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်း မရှိသည့်အတွက် တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့ကြရကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်မှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အားပေးထောက်ပံ့မှုဖြင့် လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်လာခဲ့ပြီး အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို ဆောင်ရွက်ကာ တိုင်းပြည်ကို ဖျက်ဆီးလာခဲ့ကြကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပဋိပက္ခများ၊ နိုင်ငံရေးအရ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ၊ လက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ စသည့်အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကို ရနိုင်သမျှသော အင်အားစုများ၊ တာဝန်သိ ပြည်သူများနှင့် သစ္စာရှိဝန်ထမ်းများ၏ ပူးပေါင်းပါဝင်မှုများဖြင့် ကြိုးစားရုန်းကန်၍ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း။

လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့်အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

### စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

တနင်္သာရီတိုင်းဒေသကြီး အတွင်း စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်သည့်အခွင့်အလမ်းနှင့် အရင်းအမြစ်များ များစွာရှိပြီးဖြစ်ကြောင်း၊ ဆီအုန်း၊ ရော်ဘာ၊ ဒူးရင်း စသည့် နှစ်ရှည်ပင်များအနေဖြင့် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းပြီး စိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုတိုးတက်စေရေး စိုက်ပျိုးရေးသုတေသနများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် ကိုကိုးပင်များကိုလည်း နှစ်ရှည်သီးနှံပင်များနှင့်တွဲ၍ တိုးချဲ့စိုက်ပျိုးသွားကြခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသဝမ်းစာဖူလုံကိုက်ညီမှုရှိအောင် မွေးမြူထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးဈေးနှုန်းကြီးမြင့်မှုများကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် တိရစ္ဆာန်အစာများ ထုတ်လုပ်မွေးမြူကြမည်ဆိုပါက ဒေသအတွက် များစွာ အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသတွင်းထုတ်လုပ်မှုနှင့် စားသုံးမှုများ မျှတအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဘဝများ တိုးတက်လာအောင် ဖော်ဆောင်ပေးသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့်နိုင်ငံတစ်ခုဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အတတ်ပညာ၊ အသိပညာများ ကြွယ်ဝစေရေး၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်ခု၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာခြင်းဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၏ GDP တိုးတက်လာစေရေး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

### ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး

တနင်္သာရီတိုင်းဒေသကြီး အတွင်း စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလာမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ခရီးသည်နှင့် လေယာဉ်ဆိုက်ရောက်ပျံသန်းဝင်ထွက်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်သဖြင့် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်မှုကို ဆောင်ရွက်စေခဲ့ခြင်း ဖြစ်ကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း၌လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာစေနိုင်မည်ဖြစ်ကြောင်း၊ ရေး-ထားဝယ်ရထားလမ်းသစ်ဖောက်လုပ်ရာတွင်လည်း ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်၌ နှစ်လမ်းသွားဖြင့် ဖောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖောက်လုပ်ပြီးစီးပါက ခရီးသွားလာမှုများနှင့် ကုန်စည်ကူးသန်းသွားလာမှုများ ပိုမိုတိုးတက်များပြားလာစေနိုင်မည်ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သဘာဝမှ ပေးထားသည့် သာယာလှပသည့်ကမ်းခြေများ၊ ကျွန်းစုများ၊ ခရီးသွားအရင်းအမြစ်များ၊ လည်ပတ်ရန် ခရီးစဉ်နေရာများအပြင် ဒေသသာယာလှပရေး၊ စည်းကမ်းစနစ်တကျနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အတွက်လည်း ဒေသနေပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီအလိုက်၊ မိသားစုတစ်စုချင်းစီအလိုက်၊ ရပ်ကွက်၊ ကျေးရွာများ၊ မြို့များအလိုက် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာကြမည်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာကြမည်၊ ထုတ်ပြန်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကြမည်ဆိုပါက မိမိတို့ဒေသနှင့် မြို့သာယာလှပမှုသည်လည်း ကောင်းမွန်နေမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ❖

☆ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း၌လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာစေနိုင်မည်

☆ ရေး-ထားဝယ် ရထားလမ်းသစ်ဖောက်လုပ်ရာတွင်လည်း ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၌ နှစ်လမ်းသွားဖြင့် ဖောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖောက်လုပ်ပြီးစီးပါက ခရီးသွားလာမှုများနှင့် ကုန်စည်ကူးသန်းသွားလာမှုများ ပိုမိုတိုးတက်များပြားလာစေနိုင်မည်

☆ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သဘာဝမှပေးထားသည့် သာယာလှပသည့်ကမ်းခြေများ၊ ကျွန်းစုများ၊ ခရီးသွားအရင်းအမြစ်များ၊ လည်ပတ်ရန် ခရီးစဉ်နေရာများအပြင် ဒေသသာယာလှပရေး၊ စည်းကမ်းစနစ်တကျနှင့် သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက်လည်း ဒေသနေပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်

✣ စာမျက်နှာ ၄ မှ

ထို့ပြင် ရှေးယခင်ကတည်းက တည်ရှိခဲ့သည့် ထားဝယ်အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာတူရိယာပစ္စည်းများကို စနစ်တကျထိန်းသိမ်းရန်လိုသကဲ့သို့ ပြန်လည်ထုတ်ဖော် ပြသသွားရန်လည်း လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု၊ မိမိတို့ဒေသ၏ယဉ်ကျေးမှုကို နိုင်ငံတွင်း နေထိုင်ကြသူများ၊ ဒေသတွင်းနေထိုင်ကြသူများကိုယ်တိုင် မြတ်မြတ်နိုးနိုးတန်ဖိုးထား ထိန်းသိမ်းဆောင်ရွက်သွားနိုင်ရေး မြို့မိမြို့ဖများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို အစဉ်အဆက် ထိန်းသိမ်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုနိုးကြားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် "အားလုံးက မြန်မာ" ဟူသည့်စိတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် လက်ဆင့်ကမ်း ထိန်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်သည့်အလားအလာကောင်းများ၊ အခွင့်အလမ်းကောင်းများ၊ အရင်းအမြစ်များ ပေါကြွယ်ဝစွာရှိပြီးဖြစ်သဖြင့် ဒေသတည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ပေးခြင်း၊ အမှန်တကယ်အလုပ်လုပ်ကိုင်ကြခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေသည့် နည်းပညာများကိုအသုံးချ၍ ဒေသတွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုပြီး ပြခန်းအလိုက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတသည် ယနေ့နံနက်ပိုင်းတွင်လည်း ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာများရရှိခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံကြည့်ရှု အားပေးစကား ပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆေးရုံအတွက်လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးပြီး ဆေးရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✳ စာမျက်နှာ ၂၄ မှ

ယခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့၏ ဆောင်ပုဒ်မှာ "Resilience Starts at Home – ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့" ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်နိုင်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့တွင် ဘေးဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံ၊ မိသားစုနှင့် လူမှုအသိုက်အဝန်းများကို ဦးစွာတည်ဆောက်ရန် တိုက်တွန်းနိုးဆော်ထားခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် နိုင်ငံဖြစ်သဖြင့် ဆန်ဒိုင်းမူဘောင်(၂၀၁၅-၂၀၃၀)၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) တို့နှင့်အညီ ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ကာကွယ်ရေးနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် မန္တလေးငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း "ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်ခြင်း (Build Back Better)" ကို အလေးထားပြီး ငလျင်ဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံများ တည်ဆောက်နိုင်ရန် Myanmar National Building Code 2025 ကို ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးကို ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ပြည့်ဝခြင်းနှင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် အရေးပါသည့်အချက်ဖြစ်ကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို တစ်အိမ်ချင်းစီကအစပြု၍ နိုင်ငံတော်အဆင့်ထိ အဆင့်ဆင့် ကြိုးပမ်းတည်ဆောက်သွားရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများ၊ အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများ၊ သဘာဝဘေးအသိပညာပေး Animation ဗီဒီယိုပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲ၊ သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲ (မြန်မာ့ရိုးရာပန်းချီ)နှင့် အခြေခံအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး ကုလသမဂ္ဂသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးရုံးမှပေးပို့သည့် သတင်းစကားရုပ်သံဗီဒီယိုနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တက်ရောက်လာသူများနှင့်အတူ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် အသိပညာပေးပြဇာတ်တင်ဆက်မှုကို ကြည့်ရှုအားပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

## (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၃**

(၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့တွင် နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပလျက်ရှိရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကိုစိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်ခင်းကွင်းနယ်မြေအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှု၊ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းပေးသွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် တင်ဒါအောင်မြင်သည့် ကျောက်စိမ်းအတွဲများ ထုတ်ပြန်ကြေညာနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေ) နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲများ အနက် ကျောက်စိမ်းအတွဲ အမှတ် (၁)မှ(၅၅၀)အထိ အတွဲပေါင်း (၅၅၀)ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၄၇၄ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ပြပွဲသတ္တမနေ့တွင် ရောင်းချမည့် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲအမှတ် (၅၅၁) မှ(၁၁၀၀)အထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ ထိုသို့တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေ ၅ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၁၄ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်း အတွဲများအား ကြေညာသွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို အောင်မြင်အောင်ကျင်းပ၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစေရန် ကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ အဖိုးတန်ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့စေရန်နှင့် မြန်မာ့မြေအလှတရားကို ထာဝရရှင်သန်စေရန်အတွက် သယံဇာတစီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

✡ စာမျက်နှာ ၂၄ မှ

ခရီးဖြင့် ထွက်ခွာသွားကြရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(၅)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၈ နည်းမှ ပြိုင်ပွဲအမျိုးအစားပေါင်း ၄၉၀ ကျော် ပါဝင်ပြီး အာရှဒေသတွင်း ၄၅ နိုင်ငံမှ အားကစားသမား ၃၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**အာကာ**

## မိုးရွာသွန်းမှုကြောင့် ညောင်ဦး-ပုဂံမြို့သစ်ကားလမ်း ရေကျော်မှုဖြစ်ပွား

**ညောင်ဦး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ ဖွားစောကျေးရွာအုပ်စု၊ ညောင်ဦး-ပုဂံမြို့သစ်ကားလမ်းတွင် အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက မိုးရွာသွန်းမှုကြောင့် ရေကျော်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မိုးရွာသွန်း၍ ကားလမ်းပေါ်သို့ အမြင့်ပေ (၄)လက်မ ခန့်မြင့်တက်နေသဖြင့် ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များ ဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ညောင်ဦးမြို့နယ် မီးသတ်စခန်းမှတပ်ဖွဲ့ဝင်များ၊ ပုဂံနယ်မြေမီးသတ်စခန်းမှတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မိုးသီး)**

## ကျွန်းလှမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျွန်းလှ အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး လူငယ်လူရွယ်များ၊ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (ကျွန်းလှ)၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျောင်းစာအပြင် ပြင်ပစာပေဖတ်ရှုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များအား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

## မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၃

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆရာဝန်များ ခန့်ထားပေးရေးနှင့် ဆေးဝါးများပံ့ပိုးပေးရေး၊ ဆေးရုံပြန်လည်ဖွင့်လှစ်ပေးရေး၊ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးရေး၊ ခွဲစိတ်ခန်း ဆောက်လုပ်ပေးရေးနှင့် ဆေးရုံ ပြုပြင်ပေးရေးတို့နှင့် စပ်လျဉ်း၍ **မေးခွန်းငါးခု** မေးမြန်းဖြေကြားခြင်းနှင့် **အဆိုတစ်ခု** ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးဝမြို့ (၂၅) ခုတင်ဆံ့ ဆေးရုံနှင့်(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်များ ခန့်ထားပေးရန်နှင့် ဆေးဝါးများ ပံ့ပိုးပေးရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကလေးဝမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့်အတူ သူနာပြုငါးဦး၊ အကူသူနာပြုနှစ်ဦးနှင့် အခြားဝန်ထမ်း ၁၀ ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပြီး သွားဆရာဝန်ခန့်ထားနိုင်ရေး စိစစ်ဆောင်ရွက်နေပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်/ပံ့ပိုးမှုဖြင့် ကလေးဝမြို့နယ်သို့ ဆေးအမယ်ပေါင်း ၁၇၄ မျိုးဖြန့်ဖြူးပို့ဆောင်ပေးထားပြီး လိုအပ်သောဆေးဝါးများကိုလည်း ပုံမှန်ဆက်လက်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ကလေးဝမြို့နယ် (၁၆)ခုတင်ဆံ့ မစိန်တိုက်နယ်ဆေးရုံသို့ စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦးအား ယာယီတာဝန်ချထားပေးပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံငါးရုံအား ပြန်လည်ဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မတ္တရာမြို့နယ်အတွင်း အကြမ်းဖက်မှုကြောင့် ၂၀၂၁ ခုနှစ် မေလမှ စတင်ကာ ငါးနှစ်ကျော် ပိတ်ထားခဲ့ရသော တိုက်နယ်ဆေးရုံငါးရုံ ရှိပါကြောင်း၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်ငါးဦးကို အဆိုပါတိုက်နယ်ဆေးရုံများသို့ အလှည့်ကျတာဝန်ချထားပြီး နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၏ လိုက်ပါကူညီစောင့်ရှောက်မှုဖြင့် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆေးရုံများ၏ ပျက်စီးဆုံးရှုံးမှုများကို နယ်မြေအခြေအနေပေါ်မူတည်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရန်ပုံငွေခွင့်ပြုပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ ညှိနှိုင်းမှုဖြင့် ဆောလျင်စွာ ပြန်လည်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ **အောင်လံမြို့နယ်ရှိ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ဝန်ထမ်းများ အမြန်ဆုံးခန့်ထားပေးရန်နှင့် ခွဲစိတ်ခန်းပြင်ဆင်ရေးရန်ပုံငွေခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက အောင်လံခရိုင် အောင်လံမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် သားဖွားမီးယပ်အထူးကုဆရာဝန် တစ်ဦးနှင့် လက်ထောက်ဆရာဝန် နှစ်ဦးတို့က တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလောတွင် ပျမ်းမျှ အတွင်းလူနာ ၅၃ ဦးနှင့် ပြင်ပလူနာ၄၅ဦးတို့အားဆေးကုသပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ ဦးစားပေးအစီအစဉ်သတ်မှတ်ချက်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များအပေါ်မူတည်၍ လိုအပ်သောဆရာဝန်များကို စိစစ်ကာခန့်ထားပေးသွားမည် ဖြစ်ပါကြောင်း၊ ခွဲစိတ်ခန်း၏ လိုအပ်ချက်များကို ဆေးရုံကြီးကြပ်ကော်မတီ အစီအစဉ်ဖြင့် ပြင်ဆင်ပြီးစီးပြီဖြစ်၍ ခွဲစိတ်ခန်း ပြောင်းရွှေ့ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည်များကို ဆက်လက်စိစစ် ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **ဟဲဟိုးမြို့ တိုက်နယ်ဆေးရုံ၌ ခွဲစိတ်ခန်း ဆောက်လုပ်ပေးရန်နှင့် Type(c) Laboratory Set တစ်စုံထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ တိုက်နယ်ဆေးရုံအတွက် စံချိန်စံနှုန်းနှင့်အညီ ခွဲစိတ်ခန်းဆောင်အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေတွင် ကနဦးလျာထားဆောင်ရွက်ပေးထားပါကြောင်း၊ ကလောခရိုင် ပြည်သူ့ဆေးရုံကြီး၏ တင်ပြတောင်းခံလာမှုအရ ဟဲဟိုးတိုက်နယ်ဆေးရုံအတွက် Type(c) Laboratory Set တစ်စုံကို ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် ထောက်ပံ့ပေးပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ပြည်သူ့ဆေးရုံကြီးကို အထွေထွေပြည်သူ့ဆေးရုံကြီး အသွင်ပြုပြင်ရန် မည်သို့ဖြည့်ဆည်းပေးထားကြောင်း သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်သည် လူဦးရေ ၂၅၃၆၄ ဦးရှိပြီး (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်း ၂၆ ဦးက တစ်နေ့လျှင်ပျမ်းမျှအတွင်းလူနာ ၁၁ ဦး၊ ပြင်ပလူနာ ၇၁ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပြီး လိုအပ်ပါက နီးစပ်ရာ မြောက်ဥက္ကလာပနှင့် သဃ်န်းကျွန်း ပြည်သူ့ ဆေးရုံကြီးများသို့ လွှဲပြောင်းပေးနိုင်သည့် အပြင် မြို့နယ်အတွင်း အမျိုးသားကင်ဆာရောဂါကုသရေးဗဟိုဌာန ရှိနေသောကြောင့် လက်ရှိတွင် ပြည်သူ့ဆေးရုံကြီးအဆင့်သို့ အဆင့်မြှင့်တင်ရန် မလိုအပ်သေးပါကြောင်း။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်တွင် စံကိုက် ဒေသန္တရကျန်းမာရေးဌာနခွဲ နှစ်ခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ နှစ်ခုတို့ဖြင့် မြို့နယ်လူဦးရေအတွက် ဇရိယာနှင့် လူဦးရေ လွှမ်းခြုံမှုအရ စနစ်တကျပြုစုကုသပေးလျက်ရှိပါကြောင်း၊ ဆေးဝါးထောက်ပံ့ရေးမူဝါဒ၊ သာမန်ဘတ်ဂျက်နှင့် ဆေးပဒေသာပင်ရန်ပုံငွေများဖြင့် လုံလောက်စွာ ထောက်ပံ့ပေးနေသည့် အပြင် အရေးပေါ် သီးသန့်ဆေးဝါးများလည်း သိုလှောင်ထားရှိပါကြောင်း။

ကုသရေးဝန်ထမ်းများအတွက် (၄)ခန်းတွဲ (၄)ထပ်အိမ်ရာ တစ်လုံးနှင့် (၂)ခန်းတွဲ (၂)ထပ်အိမ်ရာ တစ်လုံးရှိပြီး ဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအောက်ရှိ ဝန်ထမ်း ၂၂ ဦးအတွက် (၆)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ တစ်လုံးကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရန် လျာထားဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး တင်သွင်းသည့် **“နိုင်ငံသူ နိုင်ငံသား မိဘပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာဝန်ပိနေမှုများကို လျှော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင် ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့် အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းသည့်အဆို”**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**နန်းယွန်း မဲဆန္ဒနယ်မှ ဦးယောအေးလှ**က ဒေသဇုန်ကြီးများ ဇုန်အလိုက်ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုကွာဟချက်ကို ကျဉ်းမြောင်းစေနိုင်ပြီး ဒေသတွင်း၌ပင် ယုံကြည်စိတ်ချစွာ ကုသမှုခံယူနိုင်မည် ဖြစ်ပါကြောင်း၊ အဆိုထိရောက်အောင်မြင်ပြီး ရေရှည်တည်တံ့စွာ အကောင်အထည်ဖော် နိုင်ရန်အတွက် အကြံပြုလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ်ကျန်းမာရေး အသုံးစရိတ်အပြင် သီးသန့် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လိုအပ်သလို ချိတ်ဆက်၍ (PPP) စနစ်ဖြင့် ပူးပေါင်းဖော်ဆောင်ခြင်း၊ လူ့စွမ်းအား အရင်းအမြစ်များဖြစ်သော အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးဘက်ကျွမ်းကျင် ပညာရှင်များကို ဒေသဇုန်ကြီးများအလိုက် မျှတအချိုးကျစွာ ခွဲဝေတာဝန်ချထားပေးနိုင်မည့် **လူ့စွမ်းအားအရင်းအမြစ် မူဝါဒ**တစ်ရပ်ကို စနစ်တကျရေးဆွဲချမှတ်ပြီး တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အကြံပြုအပ်ပါကြောင်း၊ အဆိုသည် ပြည်သူများအတွက် မျှော်လင့်ချက် အရုဏ်ဦးကို ဆောင်ကြဉ်းပေးနိုင်မည့် ကျန်းမာရေးမဟာဗျူဟာမြောက် အဆိုတစ်ရပ်ဖြစ်သည့်အတွက် အစိုးရအနေဖြင့် ရေရှည်စီမံကိန်းချ၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်**က အဆိုရှင်၏ ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးရမည်ဆိုသည့် အချက်အပေါ် အပြည့်အဝထောက်ခံပါကြောင်း၊ ပြည်သူများက အနည်းဆုံး ဆရာဝန်စမ်းသပ်ခ၊ ဓာတ်ခွဲစမ်းသပ်ခနှင့် ဝန်ဆောင်စရိတ်များ ကျခံစရာမလိုဘဲ ဆေးဖိုးလောက်သာကျခံရမည်ဆိုလျှင် ကုန်ကျစရိတ် တစ်ဝက်လျော့သွားမည် ဖြစ်ပါကြောင်း၊ ယင်းမှာ ပြည်သူများအတွက် လက်တွေ့ထိရောက်သည့် အကျိုးခံစားခွင့်ပင်ဖြစ်ပါကြောင်း၊ ဒေသဇုန်များခွဲပြီး အချိန်မီကုသမှုခံနိုင်ရန် စရိတ်စကလျော့ကျ ကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေးရမည် ဆိုသည်မှာ ကောင်းမွန်သည့်ကိစ္စ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူလူထုတစ်ရပ်လုံး အတွက်လည်း လက်တွေ့အကျိုးခံစားရမည့်ကိစ္စဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း**က ပြည်သူ့ဆေးရုံများ၏ အဆင့်အလိုက် လူနာလွှဲပြောင်းကုသခြင်းနှင့် ပြန်လည်လွှဲပြောင်းကုသခြင်းအစီအစဉ်ကို ဆောင်ရွက်နိုင်မည်ဆိုပါက အထူးကုဆေးရုံကြီးများတွင် လူနာများစုပြုံစောင့်ဆိုင်းရန် မလိုဘဲ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများတွင် ကုသမှုပေးပြီး ပိုမိုထိရောက်နိုင်သဖြင့် အထူးကုဆေးရုံကြီးများတွင်ကုသရမည့် ရောဂါအဆင့်၊ ပြည်သူ့ဆေးရုံများတွင် ကုသရမည့်ရောဂါအဆင့် ခွဲခြားသတ်မှတ်လိုက်မည်ဆိုပါက လူနာများ စောင့်ဆိုင်းရမည့်အချိန် လျော့နည်း သွားနိုင်သည်ကို အကြံပြုအပ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့လုံခြုံကောင်းမွန်မှုသည် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်လာစေနိုင်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေ၍ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း၊ လက်ရှိကျင့်သုံးနေသော နိုင်ငံတော်အစိုးရမှ အလုံးစုံကျခံပေးသော ကျန်းမာရေးစောင့်ရှောက်မှု စနစ်အစား ပိုမိုကောင်းမွန်သည့် ကျန်းမာရေးအာမခံစနစ် (သို့မဟုတ်) ခိုင်မာသော ပြည်သူလူထုပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် အကြံပြုအပ်ပါကြောင်း ဆွေးနွေးသည်။

**သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီး**က ဒေသကြီးများအလိုက် အဆင့်မြင့် အထူးကုဆေးရုံကြီးများ ထူထောင်ပေးရေးကို တင်ပြလိုပါကြောင်း၊ ဇုန်အလိုက် အဆင့်မြင့် ဆေးရုံကြီးများ တည်ဆောက်ပေးမည့် နေရာကို ရေတိုရေရှည်စီမံကိန်းချမှတ်ပြီး လူဦးရေထူထပ်မှု၊ ရောဂါဖြစ်တည်မှု၊ အမျိုးအစားအလိုက်နှင့် လမ်းပန်းဆက်သွယ်မှု အခြေအနေ၊ နိုင်ငံတော်၏ ဘတ်ဂျက်အခြေအနေ၊ ပညာရှင်များကို မွေးထုတ်ရမည့် အချိန်ကာလကို ထည့်သွင်းတွက်ချက်၍ မဖြစ်မနေလုပ်ဆောင်သင့်ပါကြောင်း၊ ရေတိုစီမံကိန်းဆိုသည်မှာ လက်ရှိဆေးရုံ ဆေးပေးခန်းများကို ဆရာဝန်၊ ဆရာမများ၊ ဆေးဝါးများ၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ လစာများကို လုံလောက်စွာ ဖြည့်တင်းပေးခြင်းကို ဆိုလိုပါကြောင်း။ စာမျက်နှာ ၇ သို့ ✦



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပစဉ်။

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ကျင်းပခဲ့သည့် "(၄) ကြိမ်မြောက် အာဆီယံ-တရုတ် တရားစီရင်ရေးဖိုရမ်" သို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၃

ဗီယက်နမ်နိုင်ငံ တရားသူကြီးချုပ်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် "(၄) ကြိမ်မြောက် အာဆီယံ -တရုတ် တရားစီရင်ရေးဖိုရမ်" သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




အဆိုပါဖိုရမ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားလွှတ်တော်ချုပ်တို့အကြား တရားစီရင်ရေးလုပ်ငန်းများကို တိုက်ရိုက်ဆွေးနွေးနိုင်မည့် အဆင့်မြင့်ယန္တရားတစ်ခုဖြစ်ပြီး ယင်းဖိုရမ်ကို ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၂၂ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အာဆီယံ - တရုတ်နိုင်ငံတို့နှင့် တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်လျက်ရှိရာ ဤဖိုရမ်သို့ တက်ရောက်ခြင်းဖြင့် ဒေသတွင်းရှိ တရားသူကြီးချုပ်များ၊ တရားစီရင်ရေးအကြီးအကဲများနှင့် အမြင်ချင်းဖလှယ်ပြီး မိမိတို့နှင့်သက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့သည်။

(၄) ကြိမ်မြောက် အာဆီယံ-တရုတ် တရားစီရင်ရေးဖိုရမ်ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပခဲ့ပြီး နိုင်ငံ ၁၂ နိုင်ငံမှ တရားစီရင်ရေး အကြီးအကဲများ၊ တရားသူကြီးများ၊ တရားစီရင်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ စုစုပေါင်း ၉၀ တက်ရောက်ခဲ့ကြသည်။ အဆိုပါဖိုရမ်တွင် ဒီဂျစ်တယ်ခေတ်၌ ရာဇဝတ်မှုများ၊ နယ်စပ်ဖြတ်ကျော် တရားမမှုနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ တရားရုံးလုပ်ငန်းစဉ်များကို ဒီဂျစ်တယ်စနစ်ဖြင့်ဆောင်ရွက်နိုင်ရန် နည်းလမ်းများနှင့် အနာဂတ်တရားစီရင်ရေးကဏ္ဍတို့၌ AI အသုံးပြုနည်းဆိုင်ရာ အတွေ့အကြုံများကို စာတမ်းများဖတ်ကြားဆွေးနွေးကြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဇာလီစံက "Strengthening Judicial Cooperation Against Cybercrime & Cross-Border Civil and Commercial Disputes in the Digital Era: Myanmar's Perspective" ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးခဲ့သည်။

အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးသည် ဗီယက်နမ်နိုင်ငံ တရားသူကြီးချုပ် H.E. Mr. Nguyen Van Quang နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန်အတွက် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ (Bilateral Meeting) ကို ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မကြာသေးမီက မြန်မာနိုင်ငံသမ္မတ၏ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အပြီး နှစ်နိုင်ငံအကြား ပိုမိုတိုးတက်လာမည့် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများနှင့်အတူ တရားစီရင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အဆင့်မြှင့်တင်ရန် အလေးထားဆွေးနွေးခဲ့သည်။

တရားသူကြီးချုပ်တို့သည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံသူများအတွက် ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေး၊ နှစ်နိုင်ငံအကြား တရားခံလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရားမမှုများနှင့်ရာဇဝတ်မှုများတွင် တရားစီရင်ရေးဆိုင်ရာ အပြန်အလှန်အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထို့အပြင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်နိုင်ငံတရားသူကြီးများနှင့် တရားရေးအရာရှိများအကြား လေ့လာရေးခရီးစဉ်များ (Study Visits)၊ တရားခွင်လေ့လာရေးအစီအစဉ်များ (Court Attachment Programmes)နှင့် တရားစီရင်ရေးဆိုင်ရာသင်တန်းများ (Judicial Training Programmes)မှတစ်ဆင့် အပြန်အလှန်အတွေ့အကြုံများဖလှယ်နိုင်မည့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ယခုကဲ့သို့တွေ့ဆုံမှုသည် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍပိုမိုခိုင်မာလာစေရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

အောက်တိုဘာ ၁၀ ရက် ညပိုင်းတွင် ဒါနန်းမြို့ရှိ Ariyana Convention Centre ၌ ကျင်းပခဲ့သည့် "(၄) ကြိမ်မြောက် အာဆီယံ-တရုတ် တရားစီရင်ရေးဖိုရမ်"သို့ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ဧည့်သည်တော်များအား ဗီယက်နမ်နိုင်ငံ တရားသူကြီးချုပ် H.E. Mr. Nguyen Van Quang က တည်ခင်းသည့် ကြိုဆိုဧည့်ခံပွဲသို့လည်းကောင်း၊ အောက်တိုဘာ ၁၁ ရက် ညပိုင်းတွင် ဒါနန်းမြို့ Furama ဟိုတယ်၌ ဒါနန်းပါတီကော်မတီအတွင်းရေးမှူး၊ ပါတီဗဟိုကော်မတီအဖွဲ့ဝင် H.E .Le Ngoc Quang က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့လည်းကောင်း ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ သမိုင်းဝင်နေရာတစ်ခုဖြစ်သည့် Ba Na Hills သို့ သွားရောက်လေ့လာခဲ့သည်။

အဆိုပါဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

✦ စာမျက်နှာ ၆ မှ

ဆက်လက်၍ ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို တိုးချဲ့တည်ဆောက်ပေးရာတွင် ပြည်သူတို့၏ အမှန်တကယ်လိုအပ်ချက်နှင့် အစိုးရ၏ ဘဏ္ဍာရေးစွမ်းရည်မျှတစွာစဉ်းစားပေးရန် ဖြစ်ပါကြောင်း၊ ပြည်သူများလိုလားသော အဆင့်မြင့် ဆေးရုံထူထောင်ပေးမှုကို ရေရှည်စီမံကိန်းလမ်းပြမြေပုံရေးဆွဲဆောင်ရွက်သင့်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ပါက ပြည်သူ၊ အစိုးရ၊ နိုင်ငံတော် သုံးဦးသုံးဖလှယ် အကျိုးရှိသည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၊ တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ဆန်းလွင်၊ ပူတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၊ ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၊ လောင်းလုံးမဲဆန္ဒနယ်မှ ဦးတင့်လွင်၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးခင်မောင်ထွန်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်နှင့် ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်တို့က အကြံပြု ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းအစီအစဉ်ကို ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပေးပို့ထားသော **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့် **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ"**ကို အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာသည့်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

## မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ၊ ပညာရှင်များ တက်ရောက်ဆွေးနွေး

**မန္တလေး အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၇၉လမ်းရှိ နမ္မတီးအနုပညာခန်းမတွင် ကျင်းပခဲ့သည်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တက္ကသိုလ်များရှိ ဘူမိဗေဒဌာနများမှ ပါမောက္ခ၊ ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာမှ အရာထမ်းများ၊ ဘူမိသိပ္ပံပညာရပ်နှင့် နီးနွယ်လုပ်ကိုင်သော လုပ်ငန်းရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ခဲ့ကြပြီး ဘူမိသိပ္ပံကောင်စီနည်းဥပဒေ(မူကြမ်း)ရေးဆွဲနိုင်ရေး အကြံပြုဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။**မောင်ပြည်သူ(မန္တလေး)**

## မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၁၃**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို)၏ မန္တလေးအသင်းခွဲ(AE-DA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ ဇမ္ဗူတမ္ပခန်းမ၌ ကျင်းပသည်။

ထို့နောက် မူးယစ်ဆေးဝါး သမိုင်းကြောင်းနှင့် ပတ်သက်၍ အသင်းဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က ဟောပြောခဲ့ပြီး အရက်၊ ကွမ်း အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်း သူများအား မေးခွန်းများ မေးမြန်းခဲ့ပြီး မှန်ကန်စွာ ဖြေဆိုနိုင်သူများကို ဆုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၀၇၀)

**မင်းဘူး အောက်တိုဘာ ၁၃**

## ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းဘူးမြို့နယ်၊ ပိုက်သင်ခေတ်မီစံပြကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက အောက်တိုဘာ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါက်တာဇေနည်မင်း၊ ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦး၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဇောဟိန်း၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးမျိုးအောင်နှင့် ခရိုင်၊မြို့နယ်မှ တာဝန်ရှိသူများက မင်းဘူးမြို့နယ်၊ ပိုက်သင်ခေတ်မီစံပြကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးက လုပ်ငန်းများအားလုံး စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

ပိုက်သင်ခေတ်မီစံပြကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၉၅ ဒသမ ၇ သန်းဖြင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို မြင့်မိုရ်စံထားကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာနေ ပြည်သူများအတွက် သန့်ရှင်းသောသောက်ရေနှင့် လုံလောက်သောသုံးရေများရရှိပြီး နွေရာသီကာလများတွင် ရေရှားပါးသည့် အခက်အခဲများကို ကုစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ငယ်လေး(ကျေးလက်)

# အာဆီယံရေးရာကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၃

အာဆီယံရေးရာကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပုံမှန်ထိတွေ့ဆက်ဆံနေသည့်လမ်းကြောင်းအပြင် အာဆီယံနှင့် ဆက်သွယ်ဆောင်ရွက်မည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် ဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများရှိခဲ့သော်လည်း မြန်မာနိုင်ငံသည် တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် အာဆီယံ ထုတ်ပြန်ချက် (၅)ရပ်ကို ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ အဖြစ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အာဆီယံနှင့် ဆက်ဆံရာတွင် တစ်နိုင်ငံချင်းအလိုက် ဦးစားပေးအဆင့်လိုက် ထိတွေ့ဆက်ဆံလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အာဆီယံထုတ်ပြန်ချက်(၅)ရပ်နှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ တစ်ချက်ချင်းစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များက မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား လက်ရှိနှစ်နိုင်ငံဆက်ဆံရေးကို အခြေခံကာ အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးကို ပြန်လည်ထိန်းသိမ်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံက ဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားရှိမှု၊ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းမှုကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးတင်အောင်သည် အထွေထွေမန်နေဂျာ (အင်/ယာ) (ဓာတ်အားဖြန့်) ဦးသန်းဇော်မျိုး၊ မန္တလေးခရိုင် လျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိပြီး ခရိုင်၊ မြို့နယ် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြို့နယ်အတွင်းဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အားခကောက်ခံမှုအခြေအနေများနှင့် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းရေး၊ ဗို့အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သည်များအား စစ်ဆေးမှာကြားသည်။

ထို့နောက် ၃၃/၁၁ ကေဗွီ အမ်ဗွီအေ ဝါခင်းကုန်းဓာတ်အားခွဲရုံ ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေ၊ ၈၃လမ်း၊ ၂၆ လမ်းနှင့် ၂၇လမ်းကြားတွင်System Improvement အနေဖြင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးအသစ်တည်ဆောက်ခြင်းနှင့် ၇၅လမ်းနှင့် ၂၈လမ်းထောင့် (၃၁၅)ကေဗွီအေ ထရန်စဖော်မာအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ အလုံအလောက်ကျ ဓာတ်အားပေးသည့် အချိန်တွင် အပြည့်အဝ ဓာတ်အားရရှိရေးအတွက် ထရန်စဖော်မာ ဝန်အားမျှခြင်းလုပ်ငန်း၊ လိုင်းကြိုးများတင်းခြင်း၊ ရှုပ်ထွေးဆားဗစ်များ ရှင်းခြင်း၊ လိုင်းအဆက်များ ခိုင်မြဲစေရေးတို့ကို စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

(၀၄၅)

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ကျင်းပဖွင့်လှစ်ခဲ့သည့် သင်တန်း၊ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည့် သင်တန်းသားများနှင့်တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၃**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန (Ministry of Commerce-MOFCOM)၏အစီအစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖွင့်လှစ်ခဲ့သော သင်တန်း၊ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည့် သင်တန်းသားများနှင့် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံအတွေ့အကြုံများ ဖလှယ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးတက်လာကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ကဏ္ဍဖြစ်သည့်အတွက် တက်ရောက်ခဲ့သည့် သင်တန်းသားများအနေဖြင့်သင်ယူလေ့လာရရှိခဲ့သော အတွေ့အကြုံဗဟုသုတများကို မိမိတို့လုပ်ငန်းနယ်ပယ်တွင် လက်တွေ့ကျကျ ပြန်လည်အသုံးချခြင်းဖြင့် နိုင်ငံ့အကျိုးအတွက် သယ်ပိုးဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းများအတွက် ပေးအပ်လျက်ရှိသော သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားဟောင်းများက သင်တန်းများ ဖွင့်လှစ်ပေးခဲ့မှုအတွက် ကျေးဇူးတင်စကား ပြောကြားကြသည်။

အခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာရှိကြီးများ၊ တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်း၊ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြော

**ချောက် အောက်တိုဘာ ၁၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန်အတွက် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ပြည်ပင်ကျေးရွာအုပ်စု၊ မိုလာကျေးရွာ၌ ကျင်းပခဲ့သည်။

ရေးဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများ၊ နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးဟောပြောပြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်က ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျ စွန့်ပစ်ရန်၊ အိမ်တွင်းလေထုညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုး ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု လျော့နည်းစေရေးဆိုင်ရာ အသိပညာ ဗဟုသုတများ ရရှိစေရေးအတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အထွေး(ကျေးလက်)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ကျွန်းစု အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ကျွန်းလှမြို့၊ ပိတောက်မြိုင်ရပ်ကွက်၊ မူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းမြင့်က ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမားဖြစ်ရခြင်းအကြောင်းအရင်းများ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(၄၈၀)

| ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| လန်းစ် | ၀ | - | ၂ စပို့တင်းလစ္စဘွန်း |
| ဆာဘက်ရှ် | ၂ | - | ၀ ဆလားဗီယားပရက် |

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## အဲကွန်းခန်းအတွင်း အချိန်ကြာမြင့်စွာ နေထိုင်ရသူများအတွက် အသားအရေခြောက်သွေ့မှု သက်သာအောင် ထိန်းသိမ်းနည်း



ရုံးခန်းတွေ၊ အိမ်တွေမှာ လေအေးစက်(Aircon)ကို အချိန်အကြာကြီး ဖွင့်ပြီးနေထိုင်ရတဲ့အခါ လေထုထဲက အစိုဓာတ်တွေ ခန်းခြောက်သွားတဲ့အတွက် မျက်နှာအသားအရေကိုပါ အလွန်အမင်းခြောက်သွေ့စေပါတယ်။ အဲ့ဒီလိုခြောက်သွေ့လာတဲ့အခါ အသားအရေက ရေဓာတ်ဆုံးရှုံးပြီး အသားပပ်သလို ဖြစ်လာတာကို ကာကွယ်ဖို့ ခန္ဓာကိုယ်က အဆီပိုတွေကို အတင်းအကျပ်ထုတ်လုပ်ပေးရတဲ့အတွက် မျက်နှာကပိုပြီး အဆီပြန်လာတတ်ပါတယ်။

ဒီပြဿနာကို ဖြေရှင်းဖို့အတွက် အဲကွန်းခန်းထဲမှာနေတဲ့အခါ ရေဓာတ်ဖြည့်ပေးတဲ့ Face Mist(သို့မဟုတ်) Hyaluronic Acidပါတဲ့ ဆေးရည်လေးတွေကို နေ့ဘက်မှာ တစ်ခေါက်လောက်တော့ ဖျန်းပေးသင့်ပါတယ်။ ဒါ့အပြင် အခန်းတွင်းမှာ Humidifier လို့ခေါ်တဲ့ လေထုအစိုဓာတ်ထိန်းစက်လေး ထားရှိပေးခြင်းကလည်း အသားအရေကို ရေဓာတ်ခန်းခြောက်မသွားအောင် အများကြီး အထောက်အကူပြုပါတယ်။ ညဘက်အိပ်တဲ့အခါမှာလည်း အစိုဓာတ်ထိန်းအားကောင်းတဲ့ Sleep -ing Mask မျိုးကို သုံးပေးခြင်းဖြင့် အဲကွန်းကြောင့် အသားအရေခြောက်သွေ့ကွဲအက်ပျက်စီးတာကို ကာကွယ်ပေးနိုင်ပါတယ်။

အဲကွန်းကြောင့် အသားအရေခြောက်သွေ့ကြမ်းတမ်းတာမျိုးမဖြစ်အောင် အသားအရေကို အစိုဓာတ်ဖြည့်ပေးနိုင်တဲ့ အဆီပါတဲ့ Lotion၊ (ခပ်ပျစ်ပျစ်) Lotion အမျိုးအစားကို လိမ်းပေးဖို့လိုအပ်ပါတယ်။

Daisy



## ဦးရေပြားကျန်းမာရေးအတွက် Dry Shampoo ကို မှန်ကန်စွာ အသုံးပြုခြင်းနှင့် သတိပြုရန်များ

အလုပ်များတဲ့ ရက်တွေမှာ (သို့မဟုတ်) ခေါင်းမလျှော်ဖြစ်တဲ့အခါ ဆံပင်တွေ အဆီပြန်ပြီး ပုံမကျတာကို ဖြေရှင်းဖို့ Dry Shampoo တွေကို အမျိုးသမီးအများစုက အသုံးပြုကြပါတယ်။ Dry Shampoo ဟာ အဆီပြန်ပြီး စေးကပ်နေတဲ့ ဆံပင်ကို ချက်ချင်းဖွာပြီး ထူသွားသလို ပုံစံဖော်လို့လွယ်ကူစေတဲ့ အားသာချက်ရှိပေမယ့် Dry Shampoo ကို အသုံးပြုတဲ့နေရာမှာ နည်းလမ်းမှားရင်(သို့မဟုတ်) အလွန်အကျွံသုံးမိရင် ဆံသားနဲ့ ဦးရေပြားကို ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးစေနိုင်ပါတယ်။

Dry Shampoo အများစုမှာ (Starch)ကစီဓာတ်(သို့မဟုတ်) ရွှံ့စေးလို အဆီစုပ်ယူနိုင်စွမ်းရှိတဲ့ အမှုန့်တွေ ပါဝင်တာကြောင့် ဦးရေပြားပေါ်က အဆီပိုတွေကို ချက်ချင်း စုပ်ယူပေးတာဖြစ်ပါတယ်။ Dry Shampoo ကို ဖျန်းတဲ့အခါ ဆံပင်အဖျားပိုင်းတွေကို မဖျန်းဘဲ အဆီအများဆုံးထွက်တဲ့ ဦးရေပြားနဲ့ ဆံပင်အရင်းပိုင်းကိုဖျန်းပြီးဘူးကို ဆံပင်နဲ့ လက်တစ်ထွာ (သို့မဟုတ်) ခြောက်လက်မခန့် အကွာကနေကိုင်ပြီး တစ်ခါတည်းဖျန်းပေးပြီး နှစ်မိနစ်မှ သုံးမိနစ်ခန့် စောင့်ပေးခြင်းဖြင့် အမှုန့်တွေက အဆီတွေကို ကောင်းမွန်စွာ စုပ်ယူနိုင်မှာ ဖြစ်ပါတယ်။ ပြီးမှ လက်ချောင်း ထိပ်လေးတွေနဲ့ ဦးရေပြားကို ညင်သာစွာ နှိပ်နယ်ပေးပြီး ခေါင်းဘီးနဲ့ သေချာပြန်လည်ဖြီးပေးရပါမယ်။

Dry Shampoo အမှုန့်တွေဟာ ဦးရေပြားပေါ်က အဆီတွေနဲ့ ရောသွားတဲ့အခါမှာ ချွေးပေါက်တွေပိတ်ပြီး ဦးရေပြားယားယံခြင်း၊ ဗောက်ထခြင်းတွေဖြစ်စေနိုင်တာကြောင့် ဆံသားပျက်စီးတာတွေ၊ ဆံပင်ကျွတ်တာတွေ ဖြစ်စေနိုင်လို့ အရေးပေါ်လိုအပ်တာမျိုးမဟုတ်ရင် မသုံးတာပိုကောင်းပါတယ်။ သုံးပြီးသွားရင်လည်း ဦးရေပြားပေါ်က ကျန်ခဲ့တဲ့ အညစ်အကြေးတွေကို ဖယ်ရှားသန့်စင်ပေးဖို့အတွက် ခေါင်းလျှော်ပေးဖို့ အရေးကြီးပါတယ်။

Daisy

## မျက်နှာအမျိုးအစားအလိုက် ဇုန်အချင်းချင်းခွဲခြားပြီး အသားအရေထိန်းသိမ်းခြင်း (Multi-masking Technique)

လူအများစုမှာ မျက်နှာအသားအရေက နေရာတစ်ခုတည်း တူညီနေတာမျိုး မဟုတ်ဘဲ နဖူး၊ နှာခေါင်းနဲ့ မေးစေ့ပါဝင်တဲ့ တီဇုန် (T-Zone)က အဆီပြန်ပြီး ပါးပြင်နှစ်ဖက်က ခြောက်သွေ့နေတတ်တဲ့ ရောနှောအသားအရေ (Combination Skin) ပိုင်ရှင်တွေ ဖြစ်ကြပါတယ်။ အဲ့ဒီလို အသားအရေမျိုးအတွက် Mask တစ်မျိုးတည်းကိုပဲ မျက်နှာတစ်ခုလုံးလိမ်းတာက တချို့နေရာတွေကို ပိုခြောက်စေပြီး တချို့နေရာတွေကို ပိုအဆီပြန်စေပါတယ်။ တချို့သူတွေက တီဇုန်မှာ ဝက်ခြံနဲ့ ဆားဝက်ခြံတွေ မကြာခဏထွက်ပြီး ပါးပြင်တွေမှာ နီရဲယားယံပြီး အာရုံခံစားလွယ်တဲ့ အသားအရေ (Sensitive Skin) မျိုးရှိနေတတ်ပါတယ်။

ဒီလိုအခြေအနေမျိုးမှာ Mask တစ်မျိုးတည်းကိုပဲ မျက်နှာတစ်ခုလုံးအပြည့် လိမ်းကျံလိုက်မယ်ဆိုရင် အဆီပြန်တဲ့နေရာကို ထိရောက်မှုမရှိသလို ခြောက်သွေ့တဲ့နေရာတွေကိုလည်းပိုပြီး အစိုဓာတ်ခန်းခြောက်သွားစေနိုင်ပါတယ်။ အဲ့ဒီအခါမှာ အကောင်းဆုံးနဲ့ အထိရောက်ဆုံး ဖြေရှင်းနည်းကတော့ "Multi-masking Technique" လို့ခေါ်တဲ့ မျက်နှာဇုန်အလိုက် လိုအပ်ချက်ချင်း မတူညီတာတွေကို တိတိကျကျ ခွဲခြားပြီး ပေါင်းတင်ပေးတဲ့ နည်းလမ်းပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့် အဆီပြန်ပြီး ချွေးပေါက်ပိတ်လွယ်တဲ့ တီဇုန်ပေါ်မှာ အဆီစုပ်ယူပေးနိုင်တဲ့ Clay Mask (သို့မဟုတ်) Mud Mask ကို လိမ်းပေးပြီး ခြောက်သွေ့လွယ်တဲ့ ပါးပြင်ပေါ်မှာ ရေဓာတ်ဖြည့်ပေးတဲ့ Hydrating Gel Mask ကို တစ်ပြိုင်နက်တည်း ခွဲခြားလိမ်းပေးပါ။ ဒီနည်းလမ်းက မျက်နှာအသားအရေရဲ့ နေရာအလိုက် လိုအပ်ချက်တွေကို တိတိကျကျ ဖြည့်ဆည်းပေးနိုင်တဲ့အတွက် အလွန်ထိရောက်ပါတယ်။

အရေးကြောင်းနဲ့ အမည်းစက်ရှိတဲ့ သီးသန့်နေရာအတွက် မျက်လုံးအောက်ခြေ (သို့မဟုတ်) ပါးပြင်အထက်ပိုင်းလိုမျိုး တင်းတိပ်၊ အမည်းစက် (သို့မဟုတ်) အရေးကြောင်းပေါ်လွင်တဲ့ နေရာတွေမှာVitamin C, Niacinamide (သို့မဟုတ်) Collagen ပါဝင်တဲ့ Brightening/Firming Mask များကို သီးသန့်ညင်သာစွာ လိမ်းပေးနိုင်ပါတယ်။ ဒီနည်းအတိုင်း တစ်ပတ်ကို တစ်ကြိမ်မှ နှစ်ကြိမ်အထိ ပုံမှန်ပြုလုပ်ပေးခြင်းဖြင့် မိမိရဲ့ မျက်နှာအသားအရေကို အလဟဿအချိန်မကုန်ဘဲ တစ်ပြိုင်နက်တည်း အဆင့်မြင့်မားစွာ ထိန်းသိမ်းနိုင်ပါတယ်။ အဆီပြန်တဲ့နေရာမှာ ဝက်ခြံထွက်တာ လျော့နည်းသွားသလို ခြောက်သွေ့တဲ့နေရာတွေမှာလည်း တင်းရင်းစိုပြည်လာပြီး မျက်နှာအသားအရေ အရောင်နဲ့ အဆီ၊ ရေဓာတ်မျှတမှုကို ပိုင်ဆိုင်နိုင်စေမှာ ဖြစ်ပါတယ်။

Daisy



## မျက်တောင်ကော့ခြင်းနှင့် Mascara ကို စနစ်တကျအသုံးပြုခြင်း နည်းလမ်းများ

မျက်အိမ်ကို ပိုကျယ်ပြီး ပိုလှစေဖို့ နည်းလမ်းတကျ မျက်တောင်ကော့တတ်ရင် မျက်နှာအလှအပကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေနိုင်ပါတယ်။ မျက်တောင်ကော့တဲ့အခါ နေရာတစ်ခုတည်းကိုပဲ အတင်းညှပ်ပြီး ကော့တာမျိုးက မျက်တောင်မွေးတွေကို တောင့်တင်းစေပြီး အလွယ်တကူ ကျိုးပြတ်သွားစေပါတယ်။

အဲ့ဒီအစား "သုံးဆင့်ကော့နည်း" ကို သုံးသင့်ပါတယ်။ ပထမဆုံး မျက်တောင်အရင်းပိုင်းကို မျက်တောင်ကော့စက်နဲ့ညှပ်ပြီးရင် မျက်တောင်အလယ်ပိုင်းကို ညှပ်ပြီးနောက် အဖျားပိုင်းကို ဖွဖွလေး ကော့ချပေးပါ။ ဒီလိုလုပ်ခြင်းအားဖြင့် သဘာဝအတိုင်း ဝင့်ကြွားလှပပြီး ကော့ညွတ်နေတဲ့ မျက်တောင်ပုံစံကို ရရှိမှာပါ။ Mascara ဆိုးတဲ့အခါမှာလည်း Brush တံမှာ ပါလာတဲ့ အနှစ်တွေကို တစ်ရှူးနဲ့ အနည်းငယ်သုတ်ဖယ်ပြီးမှ မျက်တောင်အရင်းကနေ အဖျားဘက်ကို Zig-Zag ပုံစံ ဆိုးပေးရင် မျက်တောင်မွေးတွေ တစ်ချောင်းချင်းစီဖြာထွက်ကာ စုပြီး ပိတ်သွားတာမျိုး မဖြစ်တော့ပါဘူး။

မျက်တောင်ကော့တဲ့အခါမှာ မျက်တောင်မွေးတွေအစုလိုက်ဖြစ်ပြီး မျက်တောင်ကော့ဆေးအပုံလိုက်မဖြစ်ဘဲ မျက်တောင်မွေးတစ်ချောင်းချင်းစီ ဖြာထွက်ပြီး ကော့ညွတ်လှပစေချင်ရင် ဒီနည်းလမ်းအတိုင်း အသုံးပြုနိုင်ပါတယ်။

Daisy




## ကိုယ့်ရဲ့အသားအရောင်ပေါ်မူတည်ပြီး အဝတ်အစားရွေးချယ်ခြင်း

ဖက်ရှင်ပိုင်းနဲ့ပတ်သက်လာရင် ကိုယ့်အသားအရောင်နဲ့ လိုက်ဖက်တဲ့ အရောင်ကို သိထားခြင်းက ကိုယ့်ရဲ့အသွင်အပြင်ကိုပိုပြီး တောက်ပနုပျိုစေနိုင်ပါတယ်။ လူတစ်ယောက်ချင်းစီရဲ့ အသားအရေ အောက်ခံအရောင် (Undertone - Warm, Cool, Neutral) ပေါ်မူတည်ပြီး လိုက်ဖက်တဲ့ အရောင်တွေ ကွာခြားတတ်ပါတယ်။

Warm Undertone ရှိသူတွေအတွက် အညိုရောင်၊ မီးခိုးရောင် မြေကြီးရောင်တွေ၊ လိမ္မော်ရောင်၊ ရွှေရောင်နဲ့ ပူနွေးတဲ့ အရောင်တွေက ပိုပြီး လိုက်ဖက်ပါတယ်။

Cool Undertone ရှိသူတွေအတွက် အဖြူရောင်၊ အနက်ရောင်၊ အပြာရောင်၊ အနီရောင်၊ ခရမ်းနုရောင်၊ အစိမ်းရင့်ရောင်၊ ပန်းနုရောင်၊ မီးခိုးရောင်တွေက မျက်နှာကို ကြည်လင်ဝင်းပစေပါတယ်။ ကိုယ်နဲ့ လိုက်ဖက်တဲ့ အရောင်ကို သိထားပြီး အဝတ်အစားနဲ့ မိတ်ကပ်အရောင်တွေကို ရွေးချယ်ဝတ်ဆင်ခြင်းက ဖက်ရှင်ကို တစ်ဆင့်တက်သွားစေပါတယ်။

Neutral Undertone ဆိုတာက Warm (အဝါ၊ ရွှေရောင်ဘက်သမ်းတဲ့ အရောင်တွေနဲ့ Cool (အပြာ၊ ပန်းရောင်ဘက်သမ်းတဲ့ အရောင်တွေ နှစ်ခုစလုံး အချိုးကျကျ ရောစပ်နေတဲ့(သို့မဟုတ်)အလယ်အလတ်မှာ တည်ရှိနေတဲ့ အသားအရေအမျိုးအစား ဖြစ်ပါတယ်။

ဒီအသားအရေပိုင်ရှင်တွေက Warm Undertone ရဲ့ အရောင်ရော၊ Cool Undertone ရဲ့ အရောင်ရော နှစ်မျိုးစလုံးကို လွတ်လွတ်လပ်လပ် တွဲဖက်ဝတ်ဆင်နိုင်သလို အလိုက်ဖက်ဆုံးအရောင်က ပင်လယ်ပြာရောင်၊ ပတ္တမြားရောင် (သို့မဟုတ်)မှုန်လာဥနီဖျော့ဖျော့၊ အစိမ်းရင့်ရောင်၊ မီးခိုးရောင်၊ အဝါဖျော့နဲ့ သဲရောင်လို အရောင်တွေက Neutral Undertone ပိုင်ရှင်တွေရဲ့ အသားအရေကို ပိုပြီး ကြည်လင်ဝင်းပစေပါတယ်။

Daisy

# နိုင်ငံတကာ အားကစား သတင်းများ



## ကိုဗင်ထရီအသင်းက နယူးကာဆယ်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၁၃**

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကိုဗင်ထရီအသင်းနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကိုဗင်ထရီအသင်းက နယူးကာဆယ်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ဝဲပုံ)**

ကိုဗင်ထရီအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၆မိနစ်တွင် ဂျက်ရူဒိုနီ၊ ပွဲချိန် ၄၈မိနစ်တွင် ရှရစ်ဖ်၊ ပွဲချိန် ၈၁မိနစ်တွင် အဲလစ်ဆင်းမ်စ်၊ ပွဲချိန် ၈၆မိနစ်တွင် အမ်ဖူနီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ကိုဗင်ထရီအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၂၀ရက်တွင် စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## ဘာစီလိုနာအသင်းနှင့်အတူ ပွဲအများဆုံးကစားခွင့်ရသည့် ပြင်သစ်ကစားသမားအဖြစ် ခွန်ဒဲမှတ်တမ်းဝင်

**ဘာစီလိုနာ အောက်တိုဘာ ၁၃**

နောက်ခံကစားသမား ခွန်ဒဲသည် အဘီဒယ်လ်၏ (၁၉၃)ပွဲ စံချိန်ကိုကျော်ဖြတ်ပြီး ဘာစီလိုနာအသင်းနှင့်အတူ ပွဲအများဆုံး ကစားခွင့်ရရှိသည့် ပြင်သစ်ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ နောက်ခံကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက ဂီတာဖေးအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ခွန်ဒဲသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၄ ပွဲကစားပြီး ၁၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။



အသက်(၂၇)နှစ်အရွယ်ရှိ ခွန်ဒဲက "အဘီဒယ်လ်၏ စံချိန်ကို ကျော်ဖြတ်ပြီး မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်နိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်တွေ ရရှိအောင် ကြိုးစားပြီး ဆုဖလားတွေ ရယူသွားမှာပါ"ဟု ပြောသည်။**(NGB)**

## ဆီးဒေါ့ဖ်ကို နည်းပြသစ်အဖြစ် ကိုရင်သီယန်အသင်းခန့်အပ်

**လန်ဒန် အောက်တိုဘာ ၁၃**

ဘရာဇီးကလပ် ကိုရင်သီယန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဆီးဒေါ့ဖ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် အေစီမီလန်၊ ဒီပို့တီဗို၊ ကင်းမရွန်းလက်ရွေးစင်အသင်းတို့ကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ကိုရင်သီယန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၀)နှစ်အရွယ်ရှိ ဆီးဒေါ့ဖ်က "ကျွန်တော် ကိုရင်သီယန်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## နီကိုလပ်စ်ဂွန်ဇာလက်ဇ် ဂျူဗင်တပ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် အောက်တိုဘာ ၁၃**

ဂျူဗင်တပ်အသင်းသည် တောင်ပံကစားသမား နီကိုလပ်စ်ဂွန်ဇာလက်ဇ်ကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၆ ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



အသက်(၂၈)နှစ်အရွယ်ရှိ နီကိုလပ်စ်ဂွန်ဇာလက်ဇ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားဆုံးအသင်းတစ်သင်းပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## အက်စ်တီဘန်လီပေါလ်ကို ခေါ်ယူရန် အဲဗာတန်အသင်းစီစဉ်

**လန်ဒန် အောက်တိုဘာ ၁၃**

ပရီးမီးယားလိဂ်ကလပ် အဲဗာတန်အသင်းသည် ရင်းနက်စ်အသင်းတိုက်စစ်မှူး အက်စ်တီဘန်လီပေါလ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရင်းနက်စ်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂ ပွဲကစားပြီး ၂၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ရင်းနက်စ်အသင်းကလည်း အက်စ်တီဘန်လီပေါလ် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အဲဗာတန်အသင်း အနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ရင်းနက်စ်အသင်းထံမှ အက်စ်တီဘန်လီပေါလ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**




## ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၁၄–၁၀–၂၀၂၆ ဗုဒ္ဓဟူးနေ့ | ည ၁၁း၁၅ နာရီ | ဗီယင်န – ကိုမို<br>(နယ်သာလန်–၁) (အီတလီ–၅) | ———— |
| ။ | ။ | လင့်ဗ် – လီတာပူး<br>(ဩစတြီးယား–၃) (အင်္ဂလန်–၉) | လင့်ဗ် ၁–၃ လီတာပူး<br>(၂၁–၁၀–၂၀၂၃ ယူရိုပါလိဂ်ပြိုင်ပွဲ) |
| ၁၅–၁၀–၂၀၂၆ ကြာသပတေးနေ့ | နံနက် ၀၁း၃၀ နာရီ | အက်စတွန်ဗီလာ – ဗီနာဘာချီ<br>(အင်္ဂလန်–၁၆) (တူရကီ–၄) | အက်စတွန်ဗီလာ – ဗီနာဘာချီ<br>(၂၃–၁–၂၀၂၃ ယူရိုပါလိဂ်ပြိုင်ပွဲ) |
| ။ | ။ | ဘိုဒိုဂလင့် – ဒေါ့မွန်<br>(နော်ဝေ–၂ (ဂျာမနီ–၂) | ဘိုဒိုဂလင့် ၂–၂ ဒေါ့မွန်<br>(၁၁–၁၂–၂၀၂၅ ချန်ပီယံလိဂ်ပြိုင်ပွဲ) |
| ။ | ။ | မန်စီးတီး – ပီအက်စ်ဂျီ<br>(အင်္ဂလန်–၁) (ပြင်သစ်–၆) | မန်စီးတီး ၂–၁ ပီအက်စ်ဂျီ<br>ပီအက်စ်ဂျီ ၄–၂ မန်စီးတီး |
| ။ | ။ | ဘက်တစ် – ပေါ်တို<br>(စပိန်–၃) (ပေါ်တူဂီ–၁) | ဘက်တစ် ၁–၁ ပေါ်တို<br>(၂၀–၇–၂၀၁၉ ကလပ်အသင်းခြေစမ်းပွဲစဉ်) |
| ။ | ။ | ရိုးမား – ရိုးရဲလ်မက်ဒရစ်<br>(အီတလီ–၃) (စပိန်–၄) | ရိုးမား ၀–၂ ရိုးရဲလ်မက်ဒရစ်<br>ရိုးရဲလ်မက်ဒရစ် ၃–၀ ရိုးမား |
| ။ | ။ | ရုက်တာဒိုးနက်စ် – AEKအသင်း<br>(ယူကရိန်း–၁) (ဂရိ–၂) | ———— |

## 2026 China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Zheng Qinwen ဆွတ်ခူး

**ပေကျင်း အောက်တိုဘာ ၁၃**

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အိမ်ရှင်တရုတ် တင်းနစ်မယ် Zheng Qinwen က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အိမ်ရှင်တရုတ် တင်းနစ်မယ် Zheng Qinwen သည် 2026 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ရုရှားတင်းနစ်မယ် Mirra Andreeva အား ၇-၅၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။**(ယာပုံ)**

အသက်(၂၄)နှစ်အရွယ်ရှိ Zheng Qinwen က "ကျွန်မ အခုလို 2026 China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း



ယခုလို ဆုတွေထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(NGB)**

## အူပါမီကာနို ဘိုင်ယန်မြူးနစ်အသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ ၂၀၀ ပြည့်မြောက်

**မြူးနစ် အောက်တိုဘာ ၁၃**

ဘိုင်ယန်မြူးနစ်အသင်း နောက်ခံကစားသမား အူပါမီကာနို အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ ၂၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းက အော့စ်ဘတ်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားရင်း ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား အူပါမီကာနိုသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၂၀၀ ကစားပြီး ရှစ်ဂိုး သွင်းယူထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ အူပါမီကာနိုက "ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**

0-0-0-0-0-0-0

## အင်္ဂလိပ် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်–၁၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၅–၁၀–၂၀၂၆ နံနက် ၀၁း၁၅ နာရီ | နော့ဝစ်ချ် – ဆောက်သမ်တန် | နော့ဝစ်ချ် ၂–၁ ဆောက်သမ်တန်<br>ဆောက်သမ်တန် ၁–၀ နော့ဝစ်ချ် |
| ။ | ကျူးပီအာ – ဒါဘီ | ကျူးပီအာ ၂–၃ ဒါဘီ<br>ဒါဘီ ၁–၀ ကျူးပီအာ |

# သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု (Clean and Green School Award)ပြိုင်ပွဲဝင် ကျောင်းများသို့ မြေပြင်ကွင်းဆင်းစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီးသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်သည် ယနေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ကျောက်ဆည် ခရိုင် ခရိုင်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များလိုက်ပါ၍ ကျောက်ဆည်ခရိုင်အတွင်းရှိ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု (Clean and Green School Award)ပြိုင်ပွဲဝင် အဆိုပြုကျောင်းများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် Clean and Green School Award ဆိုင်ရာ သတ်မှတ်ထားသည့် အခြေခံစံနှုန်းနှင့် အညွှန်းကိန်းများအပေါ် အခြေခံ၍ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့အပြင် သတ်မှတ်စံနှုန်းများနှင့်အညီ ပိုမိုပြည့်မီစေရန် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကိုလည်း လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုအစီအစဉ်သည် ကျောင်းသား၊ ကျောင်းသူများအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာနှင့် အလေ့အကျင့်ကောင်းများ တိုးပွားလာစေရန်၊ သန့်ရှင်းသာယာပြီး စိမ်းလန်းစိုပြည်သော ကျောင်းပတ်ဝန်းကျင်များ ဖော်ဆောင်နိုင်ရန်နှင့် ရေရှည်



တည်တံ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ကျောင်းများ၏ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး တောင်သူဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃** ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး တောင်သူဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကူဆည်ကျေးရွာအုပ်စု၊ ကျေးစာဥ SMU ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်း ဆီဖူလုံရေးနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားလာစေရေး၊ အထွက်နှုန်းကောင်းမွန်သည့် သီးနှံမျိုးစေ့များ ရွေးချယ်စိုက်ပျိုးရေးနှင့် နည်းစနစ်တကျ စိုက်ပျိုးပြုစုထိန်းသိမ်းနည်းများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ဒေသခံတောင်သူများက ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ခရိုင်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ



## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲလာပြီး ပြည်သူများအနေဖြင့် 'ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ်' အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် လူစည်ကားရာနေရာများတွင် ဆောင်ရွက်ခဲ့သည်။



အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်တွင် ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများကြောင့် အယ်လ်နီညိုဖြစ်စဉ်ပေါ်ပေါက်လာမှုအခြေအနေများ၊ အပူဒဏ်အန္တရာယ်ကာကွယ်ရန်အတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ၊ သတိလစ်ခြင်းလက္ခဏာများ၊ အပူဒဏ်အန္တရာယ်ကို အထူးသတိပြုရမည့်သူများ စသည့် အကြောင်းအရာများပါဝင်သည်။

'ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်' အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူး ဒေါက်တာဇော်ဇော်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းနိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်မည့် ရောဂါလက္ခဏာအခြေအနေများ၊ ဆောင်ရန်၊ ရှောင်ရန်များ ပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၅၆)

## အပူရှောင်စခန်းဖွင့်လှစ်နိုင်မည့် နေရာများနှင့် သောက်သုံးရေရရှိရေး မြို့နယ်မှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



**မြစ်သား အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာပါက သက်ကြီးရွယ်အိုများနှင့် အပူဒဏ်ကာကွယ်ရန် လိုအပ်သူများအတွက် အပူရှောင်စခန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ အပူရှောင်စခန်းဖွင့်လှစ်နိုင်မည့်နေရာများကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင် ဦးဆောင်၍ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အယ်လ်နီညိုကာလအတွင်း အပူရှောင်စခန်းဆောင်ရွက်မည့် ဓမ္မာရုံများ၊ မြို့နယ်ပြည်သူ့ဆေးရုံ နေရာများတွင် အပူရှောင်စခန်း ဖွင့်လှစ်သွားနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြပြီး အပူရှောင်စခန်း ဖွင့်လှစ်ရာတွင် အပူဒဏ်ကာကွယ်နိုင်မည့်ပစ္စည်းများထားရှိနိုင်ရေး၊ ပရဟိတအဖွဲ့များ၏ အရေးပေါ် လူနာတင်ယာဉ်များထားရှိနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများထားရှိကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဌာနမှူး ဒေါက်တာနေအောင်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိုညိုဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ အယ်လ်နီညိုကာလအတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေအတွက် အုတ်ရေလှောင်ကန်များ လိုက်လံကြည့်ရှုစစ်ဆေးခြင်း၊ အပူရှောင်စခန်း ဆောင်ရွက်မည့်လျာထားနေရာများအား ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

## အပူဒဏ်ကျရောက်ပါက သောက်သုံးရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေကန်များအား စစ်ဆေး



**ကျောက်ဆည် အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေများ ပြတ်လပ်မှုမရှိစေရေး အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး ရပ်ကွက်များအတွင်း သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည့် ရေကန်များအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်သည့် သန္နေတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရေပေးဝေရေးမှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကန်များအတွင်း ရေဖြည့်တင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၄၈၅)



## မန္တလေးနှင့် စစ်ကိုင်းရှိ ကျောင်းတိုက် ၁၁၁ မှ သံဃာတော်များနှင့် သီလရှင်များအတွက် ဗီယက်နမ်ဗုဒ္ဓဘာသာဝင်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၃**

ဗီယက်နမ်ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမများက မန္တလေးနှင့် စစ်ကိုင်းရှိ ကျောင်းတိုက်ပေါင်း ၁၁၁ မှ သံဃာတော်များနှင့် သီလရှင်များအတွက် ဆန်နှင့် လှူဖွယ်ပစ္စည်းများကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီက မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီသီလရှင်ကျောင်းတွင် ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းမှုတွင် မန္တလေးမြို့နှင့် အနီးဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များ ပါဝင်ပြီး အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ ပြင်ဦးလွင်မြို့နှင့် စဉ့်ကိုင်ဒေသတို့ရှိ ကျောင်းတိုက် ၁၁၁ တိုက်အတွက် ဆန်အိတ်များ ခွဲဝေလှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

ယခုလှူဒါန်းမှုသည် သံဃာတော်များနှင့် သီလရှင်များ၏ နေ့စဉ် စားသောက်ရေးအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ကာ ဆန်နှင့် ဝတ္ထုငွေကျပ်သိန်း ၂၀၀၀ ကျော်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **ရွှေမန်း**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) မှ စားသောက်ကုန်များနှင့် နဝကမ္မအလှူငွေ ပေးအပ်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ မြတာဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းသို့ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) မှ ဆီ၊ အာလူး အစရှိသောလှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်း ဇမ္ဗူထိပ် ပေါ်တော်မူ ပဋ္ဌာန်းဆက်ဘုရားတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြတာဘက်နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ အမှူးပြုသော သံဃာတော်များ၊ သီလရှင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဗဟိုဥက္ကဋ္ဌ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးမြင့်အောင်သန်းနှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇ ဦးမိုးဇော်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဦး၊ အတွင်းရေးမှူး ဦးထွန်းထွန်းရွှေနှင့် ခရိုင်၊ မြို့နယ်များမှ အလုပ်အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်ထံမှ တက်ရောက်လာသောဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်နာယူကြည်ညိုကြပြီး ဆရာတော်အား ဗဟိုဥက္ကဋ္ဌနှင့်ဇနီးတို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ဆရာတော်ထံမှ ရေစက်ချတရား နာယူကြည်ညိုကြပြီး ကိုရင် ၇၅ ပါးနှင့် သီလရှင် အပါး ၅၀ တို့အား တဘက်နှင့် ဆပ်ပြာများကို ဗဟိုဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကပ်လှူခဲ့ကြကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(မန္တလေးနေ့စဉ်-၃)**



## အမရပူရမြို့နယ်တွင် အိမ်၊ ခြံ၊ မြေ အငှားဈေးကွက် ပုံမှန်အောက်ကျဆင်းနေ

**မန္တလေး အောက်တိုဘာ ၁၃**

အမရပူရမြို့နယ်အတွင်း အောက်တိုဘာလတွင် အိမ်၊ ခြံ၊ မြေအငှားဈေးကွက်မှာ သွက်လက်မှုမရှိဘဲ ပုံမှန်အောက်ကျဆင်းနေကြောင်း ဒေသခံအိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

မကြာမီ ဝါကျွတ်ကာလရောက်ရှိတော့မည်ဖြစ်သော်လည်း လက်ရှိအချိန်အထိ အငှားဈေးကွက်မှာ သိသာစွာတိုးတက်လာခြင်း မရှိသေးကြောင်း၊ ယခင်နှစ်များတွင် လမ်းမတန်းပေါ်ရှိ အိမ်ခြံမြေများနှင့် လူနေထိုင်ရန် သင့်တော်သည့် မြေနေရာများကို ငှားရမ်းရန် စုံစမ်းမေးမြန်းမှုများ ရှိခဲ့သော်လည်း ယခုနှစ်တွင် ထိုသို့ မေးမြန်းမှုများ နည်းပါးလာသည်။

"အခုရက်ပိုင်းမှာတော့ သိပ်မေးတဲ့သူလည်း မလာသေးဘူး။ ဝါကျွတ်ပြီးမှပဲ ဆက်တိုက်လာမလားတော့ မသိဘူး။ အမရပူရမြို့နယ်ထဲမှာ အငှားဆိုရင် ငွေကျပ် သုံးသိန်းဝန်းကျင်ကနေ ငွေကျပ် သိန်းဆယ်ချီအထိရှိတဲ့ အငှားအကွက်တွေ ရှိပါတယ်။ လူနေထိုင်မှုစည်ကားတဲ့အတွက် ဈေးကွက်လည်း ကောင်းမွန်ပါတယ်" ဟု အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောသည်။

အမရပူရမြို့နယ်အတွင်း အိမ်၊ ခြံ၊ မြေ အငှားဈေးကွက်မှာ မေးမြန်းစုံစမ်းသူနည်းပါးနေသော်လည်း ဝါကျွတ်ကာလနောက်ပိုင်းတွင် အငှားဈေးကွက် ပြန်လည်သွက်လက်လာနိုင်ခြင်းရှိ၊ မရှိကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

အငှားဈေးကွက်မှာ သိသာစွာ ကောင်းမွန်လာခြင်းမရှိသော်လည်း အရောင်းအဝယ်ဈေးကွက်မှာမူ အရောင်းအဝယ်ဖြစ်မှုများရှိနေပြီး ငွေကျပ်သိန်း ၇၀၀ မှ ငွေကျပ်သိန်း ၂၀၀၀ ဝန်းကျင်အတွင်းရှိ မြေကွက်များ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀-၀

## ဘဝတစ်သက်တာ အိမ်ခြံမြေသိကောင်းစရာ အခမဲ့သင်တန်း ဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၁၃**

Great Services Mandalay (GSM) အိမ်ခြံမြေအထွေထွေဝန်ဆောင်မှုကုမ္ပဏီမှ ဦးစီး၍ "ဘဝတစ်သက်တာ အိမ်ခြံမြေသိကောင်းစရာ" အခမဲ့ပညာဒါနသင်တန်းကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက မန္တလေး၊ ၅၁ လမ်းနှင့် ၁၁၀ အေ လမ်းထောင့်ရှိ အသင်းရုံးခန်း၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကို အိမ်ခြံမြေအကျိုးဆောင်များအနေဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ အသိပညာ၊ ဗဟုသုတများ တိုးပွားလာစေရန်နှင့် ကျွမ်းကျင်ပရော်ဖက်ရှင်နယ် အကျိုးဆောင်များ ဖြစ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

"ကျွန်တော်ဖွင့်လှစ်တဲ့ သင်တန်းက ပညာဒါနသင်တန်း ဖြစ်ပါတယ်။ သင်တန်းကြေး အခမဲ့ဖြစ်ပြီး သင်တန်းတစ်ခုနဲ့တူအောင် စနစ်တကျ သင်ကြားပေးတာပါ။ ကျွန်တော့်ဆီကနေ ပြန်သွားတဲ့အခါ အသိပညာတစ်ခု၊ ဗဟုသုတတစ်ခု ရရှိသွားရမယ်။ Smart Agent ဆိုတဲ့ပုံစံနဲ့ သွားနေတာဖြစ်ပြီး အိမ်ခြံမြေအကျိုးဆောင်မောင်နှမတွေအနေနဲ့ Smart ဖြစ်ဖို့၊ Professional ကျဖို့အတွက် ပြသ သင်ကြားပေးသွားမှာ ဖြစ်ပါတယ်" ဟု Great Services Mandalay Co., Ltd. (GSM) ၏ CEO & Founder ဦးသန့်ဇင်ဦးက ပြောသည်။



လက်ရှိတွင် အဆိုပါအခမဲ့သင်တန်းကို လေးကြိမ်မြောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး သင်တန်းအကြိမ်ရေ ၅၀ ခန့်အထိ ဖွင့်လှစ်သင်ကြားပေးရန် ရည်မှန်းထားသည်။ **(အပေါ်ယာပုံ)**

သင်တန်းအပတ်စဉ်အလိုက် သင်ကြားမည့်ခေါင်းစဉ်များ မတူညီစေဘဲ အိမ်ခြံမြေနှင့်ပတ်သက်သည့် သိကောင်းစရာများ၊ လုပ်ငန်းဆိုင်ရာဗဟုသုတများအပြင် လိုက်နာဆောင်ရွက်သင့်သည့်အချက်များနှင့် ရှောင်ကြဉ်သင့်သည့်အချက်များကိုပါ ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## သီတင်းကျွတ်ပွဲတော်အတွက် ရောင်စုံမီးပုံးဈေးကွက်အတွင်း အရောင်းအဝယ်သွက်လက်နေ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ်လပြည့်နေ့(သီတင်းကျွတ်ပွဲတော်)အတွက် ရောင်စုံမီးပုံးများကို မြို့တွင်းဈေးကွက်သာမက နယ်ဈေးကွက်များသို့ပါ တင်ပို့ရောင်းချလျက်ရှိရာ အရောင်းအဝယ်များ သွက်လက်လျက်ရှိပြီး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် အနည်းငယ်မြင့်တက်လျက်ရှိသည်။

ယခုနှစ် သီတင်းကျွတ်ပွဲတော်အတွက် ရောင်စုံမီးပုံး အမျိုးအစားပေါင်း ၁၅ မျိုးအထိ ထုတ်လုပ်ဖြန့်ချိထားပြီး ယုန်၊ လိပ်ပြာ၊ မီနီအိုးဝေ၊ မော်တော်ကား၊ သင်္ဘော၊ လေယာဉ်ပုံနှင့် ကာတွန်းစဏ္ဍာရုပ်ပုံစံအမျိုးမျိုး ပါဝင်သည်။ အဓိကအားဖြင့် မန္တလေးမြို့တွင်းအပြင် မြစ်သား၊ ကူမဲ၊ တောင်ကြီး၊ ပုဂံ စသည့်နယ်များရှိ ဈေးကွက်များနှင့် မြို့နယ်အသီးသီးသို့ တင်ပို့ရောင်းချပေးနေခြင်း ဖြစ်သည်။

ဈေးနှုန်းအနေဖြင့် ရောင်စုံမီးပုံး တစ်ရုပ်လျှင် အနည်းဆုံး ငွေကျပ် ၁၂၀၀ မှစတင်ကာ အရွယ်အစားနှင့် ဒီဇိုင်းအမျိုးအစားအပေါ်မူတည်၍ ငွေကျပ် ၃၅၀၀၀ ကျော်အထိရှိကြောင်း မန္တလေးမြို့မှ မီးပုံးထုတ်လုပ်ဖြန့်ချိသူ ဒေါ်စန်းအိလှိုင်က ပြောသည်။

"ဒီနှစ်က ကုန်ကြမ်းဈေး အနည်းငယ်မြင့်တက်တဲ့အတွက် အခက်အခဲလေးတွေ အနည်းငယ်ရှိပေမယ့် မိဘတွေရဲ့ လက်ငုတ်လက်ရင်းဖြစ်တာကြောင့် နှစ်စဉ်နှစ်တိုင်း ပုံမှန်ထုတ်လုပ်ပြီး ဖြန့်ချိပေးနေပါတယ်" ဟု ၎င်းက ပြောသည်။

သီတင်းကျွတ်လပြည့်နေ့များတွင် ဗုဒ္ဓဘုရားရှင်အား ဆီမီးများနှင့် ရောင်စုံမီးပုံးများ ထွန်းညှိပူဇော်ရာ၌ ကလေးငယ်များအတွက် မီးပုံးရုပ်များကို အဓိကထားရောင်းချလျက်ရှိပြီး ယခုနှစ်တွင် ကုန်ကြမ်းဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့သော်လည်း ရိုးရာမပျက် ဆက်လက်ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



သင့်ကျန်းမာရေးအတွက်
နေ့စဉ်လမ်းလျှောက်ပါ ။

## မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**ချောက် အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့မ ဈေးကြီးတွင် မီးဘေးကြိုတင် ကာကွယ်ရေး စစ်ဆေးခြင်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးဇေထက်အောင် ဦးဆောင်သည့် မြို့နယ်မီးသတ်



ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းနှင့် သန္နေတပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဒေါ်မြတ်မြတ်သင်းနှင့် ဈေးကော်မတီဝင်များ၊ မြို့နယ် လျှပ်စစ် အင်ဂျင်နီယာ ဦးထက်၊ အောင်နိုင်တို့ပူးပေါင်း၍ ယနေ့ နံနက် ၁၀နာရီအချိန်က စစ်ဆေးခြင်းများဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် မြို့မဈေးကြီးရှိ DCP (Dry Chemical Powder) မီးသတ်ဆေးဘူးများ၊ သုံးစွဲရရှိမှုရှိ၊ မရှိနှင့် မြို့မဈေးအတွင်း ရေဂါလံ(၁၂၀၀) ဆံ့ မြေအောက်ရေကန် နှစ်ကန်နှင့် ဆက်သွယ်တပ်ဆင်ထားသည့် ရေပိုက်များအားမီးသတ် စက်များဖြင့် ရေစုပ်ပက်ဖျန်း စမ်းသပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ဝါယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ဟောင်းနွမ်းဆွေးမြေ့မှု မရှိစေရေးစစ်ဆေးခြင်း၊ ဈေးသိမ်း/ ဈေးပိတ်ချိန်များတွင် လျှပ်စစ်မိန်းချထားရေး၊ မလိုအပ်သည့် စွန့်ပစ်ပစ္စည်းများသိုလှောင်ထားမှု မရှိစေရေး၊ ရောင်းချကုန်ပစ္စည်းများ သာထားရှိရေး စစ်ဆေးအကြံပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဓဓပုံ)

ကျော်မိုး(ပြန်/ဆက်)



## စူပါအယ်လ်နီညိုကာလအတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေး ပြည်ကြီးတံခွန်မြို့နယ်တွင် စူပါအယ်လ်နီညိုကာလအတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပေါ်စေ ရေးအတွက် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက သင်ပန်းကုန်း ရပ်ကွက်အတွင်း၌ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့သည်။

ယင်းစစ်ဆေး ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သင်ပန်းကုန်းရပ်ကွက်အတွင်းရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ စူပါအယ်လ်နီညိုကာလအတွင်း ဖွင့်လှစ်မည့် အပူ ရောင်စခန်းများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ စက်မှုဇုန်(၂)ရှိ Sweety Home မွေ့ရာစက်ရုံအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် ဟောပြောသရုပ်ပြခြင်းများ ပြုလုပ်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

(ဝ၇၅)

ဝ-ဝ-ဝ-ဝ-ဝ

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ယာဉ်နှစ်စီးပွတ်တိုက်မှုဖြစ်ပွားပြီး Swift ကား တစ်စီးတိမ်းမှောက်

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၄လမ်း၊ ၂၆လမ်းနှင့် ၂၇ လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီခန့်က ယာဉ်နှစ်စီး တိမ်းရှောင်မောင်းနှင်ရာမှ ပွတ်တိုက်မှု ဖြစ်ပွားခဲ့ပြီး Swift အမျိုးအစား ကားတစ်စီး တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်နှစ်စီး သွားလာမောင်းနှင်နေစဉ် တိမ်းရှောင်မောင်းနှင်ရာမှ ပွတ်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပွတ်တိုက်မှုကြောင့် Swift အမျိုးအစားကားမှာ လမ်းပေါ်တွင် တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ကားပေါ်တွင် လိုက်ပါလာသူများ အနက် အချို့မှာ အနည်းငယ် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါယာဉ်မတော်တဆမှုကြောင့် ယာဉ်သွားလာမှုအပေါ် သက်ရောက်မှုရှိနိုင်ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ဆက်လက်စုံစမ်းရန် လိုအပ်နေသည်။

ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရန် ယာဉ်မောင်းများ အနေဖြင့် လမ်းအခြေအနေကို သတိပြုမောင်းနှင်ခြင်း၊ အရှိန်လျှော့မောင်းနှင်ခြင်းနှင့် အခြားယာဉ်များကို ရှောင်တိမ်းရာတွင် ဘေးကင်းရေးကို ဦးစားပေးဆောင်ရွက်ခြင်းတို့ လိုအပ်ကြောင်း သတိပြု ဆင်ခြင်ရမည်ဖြစ်သည်။

(အပေါ်ပုံ)

ကျော်ဇေယျ(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

## လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီး ဖမ်းဆီး အရေးယူထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်ယာကျေးရွာရှိ အုတ်သဲကျောက် ရောင်းဝယ်ရေးဆိုင်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး လက်ဝယ်ထားအသုံးပြုနေကြောင်း သတင်းအရ ထုံးဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးမောင်စိုး(ခ)ထန်းသီး (၃၉)နှစ်ဆိုသူအား တွေ့ရှိရပြီး ၄င်းအသုံးပြုနေသည့် LIFAN DUMP TRUCK မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မောင်စိုး(ခ)ထန်းသီး ဆိုသူအား ထုံးဘိုမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။

အလားတူ ညနေ ၃ နာရီ ၁၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ စိန်ကုန်းရပ်ကွက်၊ ကျော်ထက်ကွေ့မီးပွိုင့်၌ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေး-မုံရွာကားလမ်းအတိုင်း အရှေ့မှအနောက်သို့ ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခွန်ရပ်ကွက်နေ ဦးကျော်ငွေးလှိုင်(၃၀)နှစ်ဆိုသူ မောင်းနှင်လာသည့် နံပါတ်မပါ HAOJUE 110 မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ဆိုင်ကယ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ကျော်ငွေးလှိုင်ဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဝ-ဝ-ဝ-ဝ-ဝ

## ပျော်ဘွယ်မြို့နယ်တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၃**

အောက်တိုဘာ ၉ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ပျော်ဘွယ်မြို့နယ်၊ တောင်ဥကျေးရွာအနီးတွင် စိုးမင်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် စိုင်းလုံဝမ်းမောင်းနှင်ပြီး လင်းထက်အောင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်များအတွင်း ၎င်းတို့ သိုဝှက်သယ်ဆောင်လာသော ဘိန်းစိမ်း အလေးချိန် ၂၂ ဒသမ ၅ ကီလို၊ ဘိန်းဆီခဲ အလေးချိန် ၁ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီက အဆိုပါ ဘိန်းစိမ်းများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ရှမ်းကြီး(ခ)ဘမော်အား သာစည်မြို့နယ်၊ ချောက်ခွဲကျေးရွာအနီးတွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား လည်းကောင်း၊ အောက်တိုဘာလ ၁၀ ရက် နံနက် ၁၁ နာရီက ဇင်မင်းထွေးအား အမရပူရမြို့နယ်၊ မြစ်ငယ်-မန္တလေး-စစ်ကိုင်းသွားလမ်းဆုံတွင် လက်ကိုင်ဖုန်းတစ်လုံးနှင့် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စိုးမင်း(၄၈)နှစ်၊ စိုင်းလုံဝမ်း(၂၂)နှစ်၊ လင်းထက်အောင်(၂၂)နှစ်၊ ရှမ်းကြီး(ခ)ဘမော်(၄၂)နှစ်နှင့် ဇင်မင်းထွေး (၃၄)နှစ်ဆိုသူတို့အား ရွှေညောင်ဖူးနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Mi Pauk" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကိုင်းကြီးကျေးရွာနေ အခြေခံပညာမူလတန်းကျောင်း(ရှားစီးဘိုကျေးရွာ)မှ လက်ထောက်မူလတန်းပြဆရာမ နှင်းဝတ်ရည်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် အုတ်ဖိုမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လူထုအခြေပြုဗဟိုဌာနခန်းမ၌ အသိပညာပေးဟောပြောပွဲ ၊ နံရံကပ်စာစောင်နှင့် စာအုပ် ၊ စာစောင်ပြပွဲ ကျင်းပ

**မိုင်းခုတ် အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်ပြပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ခင်မီမီထွန်းက အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများအား လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ လူကုန်ကူးသူများ၏ လှည့်ဖြားသိမ်းသွင်းပုံနည်းလမ်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေနှင့်ပြစ်ဒဏ်များ၊ မသင်္ကာစရာဖြစ်စဉ်များ တွေ့ရှိပါက သက်ဆိုင်ရာသို့ အကြောင်းကြားဆက်သွယ်နိုင်မည့်နည်းလမ်းများ စသည့် အကြောင်းအရာများကို အကျယ်တဝင့် ဟောပြောပေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်အသိပညာပေးအကြောင်းအရာများ ပါဝင်သည့် နံရံကပ်စာစောင်များ၊လူကုန်ကူးမှုအန္တရာယ်အသိပညာပေး အကြောင်းအရာများ ပါဝင်သည့် နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

မြို့နယ်(ပြန်/ဆက်)



## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း ဖွင့်လှစ်

**ကျိုင်းတုံ အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ အမှတ်(၉၂) စက်မှုလယ်ယာစခန်းမှ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက မြို့နယ်စက်မှုလယ်ယာစခန်းတွင် ကျင်းပခဲ့သည်။

ကျိုင်းတုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဟန်သူရက အဖွင့်အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ခွဲဦးစီးဌာနမှူး ဦးသန့်ဇင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဌာန၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများအား ပေးအပ်ပြီး သင်တန်းတွင် လက်တွေ့အသုံးပြု သင်ကြားမည့် စက်ကိရိယာများအား လိုက်လံကြည့်ရှုခဲ့သည်။

အဆိုပါ သင်တန်းကို မြို့နယ်အတွင်းရှိ ဒေသခံတောင်သူ သင်တန်းသား ၃၀ ဦး တက်ရောက်ပြီး အောက်တိုဘာ ၁၂ ရက်မှ ၂၃ ရက်အထိ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မတ္တရာ အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်းပြီး ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက မတ္တရာမြို့မဈေးအနီးတွင် ဆောင်ရွက်ခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးမြတ်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းစိုးနှင့် ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှိုင်ဝင်းသန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ ပြည်သူများအား ပလတ်စတစ်အိတ်များ အသုံးပြုခြင်းအစား Recycle Bag များ အသုံးပြုကြရန် အသိပညာပေးဟောပြောခဲ့ကြပြီး "ပလတ်စတစ်ညစ်ညမ်းမှုအား ဖြေရှင်းနိုင်သည့် နည်းလမ်းများ"၊ "ပလတ်စတစ်ညစ်ညမ်းမှုမဖြစ်စေရေး"၊"ပလတ်စတစ်ညစ်ညမ်းမှု၏ ဆိုးကျိုးများ"၊ "ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ" စသည့် အကြောင်းအရာများ ပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ရွှေရာသား**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေးနေ့စဉ်

### လိုအပ်မှုလေးဖြည့်ပေးပါ

* အိမ်ရာပြုသော် ၊ လက်တွဲဖော်နှင့်
လွဲချော်စိတ်ထား ၊ ရှိလာခြားက
နင်မှား ငါမှား ၊ ငြင်းမပွားဘဲ
စိတ်ထားတူရေး ဆွေးနွေးတတ်ရန်
လိုအပ်တယ် ။

* နှစ်ဦးနှစ်ဝ မေတ္တာမျှ၍
ဘဝတစ်ခု တည်ဆောက်ပြုသော်
အိမ်မှုကိစ္စ ၊ အဝဝကို
မျှဝေလုပ်ကိုင် နေထိုင်တတ်ရန်
လိုအပ်တယ် ။

* မိသားတစ်စု ၊ တူနေပြုသော်
လူမှုဒုက္ခ ၊ ကြုံတွေ့ရခြား
ဝေမျှခံစား ၊ နေထိုင်သွား၍
စိတ်ထားကြီးမြတ် မွေးမြူတတ်ရန်
လိုအပ်တယ် ။

* တူနေ တူစား ၊ သမီး ၊ သားနှင့်
မယား ဇနီး ၊ ဦးစီးအိမ်ထောင်
ဤလူ့ဘောင်တွင် ၊ လျှောက်လှမ်းစဉ်၌
ချစ်ခင်စည်းလုံး ၊ မေတ္တာဖုံး၍
ရန်းကန်ကြိုးစား ၊ ကျိုးစီးပွားကို
လုပ်စားတတ်ရေး တွန်းအားပေးရန်
လိုအပ်တယ် ။

* မိသားတစ်စု ၊ လိုအပ်မှုကို
ဖြည့်ပြုအစဉ် ၊ ရှိပါလျှင်ခြား
ပျော်ရွှင်ဘဝ ၊ ထာဝရတိုင်
ပိုင်ကြမည်မှာ ကေန်ပါတကား ။ ။

စိမ်းလဲ့ဝါ(မန်းမြေ)

### နယ်သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ် သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မန္တလေးတောင်တော် ဆုတောင်းပြည့် ရင်ပြင်တော်ပေါ်တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာနေ့) ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲ ကျင်းပမည်



**မန္တလေး အောက်တိုဘာ ၁၃**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့)တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကာ မြတ်စွာဘုရားရှင်အား အာရုံပြု၍ ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ကို နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်ကြသကဲ့သို့ ယခုနှစ် ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင်လည်း မန္တလေးတောင်တော် ဆုတောင်းပြည့်ရင်ပြင်တော်ပေါ်တွင် ဆီမီးတစ်သောင်း ထွန်းညှိပူဇော်သွားမည်ဖြစ်ပြီး လျှပ်စစ်မီးများကိုလည်း တစ်တောင်လုံး ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ထွန်းက ပြောကြားခဲ့သည်။

"သီတင်းကျွတ်လပြည့်နေ့မှာ ဆီမီးတစ်သောင်းပူဇော်တာကတော့ နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်ခဲ့တာ ယခုနှစ် (၁၅)ကြိမ်မြောက်မှာလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တောင်တော်ပေါ်တွင် ဆီမီးတစ်သောင်းနဲ့အထက် စုပေါင်းပူဇော်သွားမှာဖြစ်ပါတယ်"ဟု ဂေါပကအဖွဲ့ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆီမီးတစ်သောင်းပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ ညနေ ၆ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ပြီး ည ၇ နာရီခွဲအထိ ဆီမီးထွန်းညှိပူဇော်မှုများကို စီစဉ်ထားရှိသည်။

ထို့ပြင် မန္တလေးမြို့တော်အတွင်းရှိ မဟာမုနိဘုရားကြီး၊ မန္တလေးစွယ်တော်မြတ်စေတီတော်၊ ကျောက်စိမ်းစေတီတော်စသည့် တန်ခိုးကြီး ဘုရားကြီးများတွင်လည်း ဆီမီးထွန်းညှိပူဇော်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

မန္တလေးတောင်တော် ဆုတောင်းပြည့်ရင်ပြင်တော်ပေါ်တွင် ကျင်းပမည့် ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲသို့ လာရောက်ထွန်းညှိ ပူဇော်ကြမည့်သူများ အနေဖြင့် မန္တလေးတောင်တော် ဂေါပကရုံးခန်းတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) ရွှေမန်း



# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၉၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၉၆) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၄ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်အား ဆွမ်း၊ ဝက်သားဟင်း၊ ငါးပိငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေ ကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်း ၁၉ စုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၉၀၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်း အသင်းနာယက လွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း၊ ဒေါ်အေးအေးမြင့် (PR)၊ ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ကိုမျိုးဝင်း+မအိအိချော(ကောင်းထက်မဟာမိသားစု၊ ကာဗာတိုင်းပြည်မိသားစုများ)၊ ဦးသာအေးနှင့် ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့် သား၊သမီး၊မြေးတစ်စု၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ဦးစိန်စီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမျှထား၍ (သား)မောင်ကျော်သက်ဦးနှင့် မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(ပန်တော်ဦး အမျိုးသမီးအဆောင်) မိသားစု၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေးဆွေ၊ (သမီး)မဝင်းမာလာကျော်(တိမ်လွှာအလှပြင်ဆိုင်)မိသားစု၊ ဦးအောင်ဖြိုးမင်း+ဒေါ်အေးအေးစန်း (Unit Solar) မိသားစု၊ ဦးတူး+ဒေါ်အေးအေးမြင့် မိသားစု၊ ဦးအားချန့်+ဒေါ်ကျန့်ထုံးမိသားစု၊ ဦးဗိုလ်သိန်းအား ရည်စူး၍ (မိခင်ကြီး)ဒေါ်ချိုချိုအား အမျှထားကာ ဦးရဲလင်းမောင်+ဒေါ်ဟေမာသိန်းမိသားစု၊ မြို့သစ်(၁)ရပ်ကွက်၊ လစဉ် ငါးပိငါးခြောက်ကြော် အလှူရှင် ဦးတင်လင်း+ဒေါ်ခိုင်ခိုင်ဝေဖြိုး၊ (သမီး)မပိုးရတီခေတ်၊ (မိခင်ကြီး) ဒေါ်နန်းမွှေအား ရည်စူး၍ (ဖခင်ကြီး)ဦးသန်းထွန်းအား အမျှထားကာ ဦးသက်မင်းထွန်း+မအိသီရိမင်း၊ မောင်ဟိန်းသန့်ဇင်၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ ဦးကျော်လွင်+ဒေါ်ခင်စန်းကြည်မိသားစု၊ အောင်ပင်လယ်၊ လစဉ်ဆန်တစ်အိတ်၊ ဆီတစ်ပုံးအလှူရှင် ရဲမွန်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦး+ဒေါ်ငွေငွေလွင် မိသားစု၊ ရပ်ကွက်ပြည်သူများနှင့် ဘုံဆွမ်းလောင်း အသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄ဝ)

# သီတဂူဗုဒ္ဓတက္ကသိုလ်(ကျွန်းလှ)၌ သီတင်းသုံးတော်မူသော ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ



**ကျွန်းလှ အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ် သီတဂူဗုဒ္ဓတက္ကသိုလ်(ကျွန်းလှ)၌ ဝါတွင်းကာလသီတင်းသုံးတော်မူသော ဆရာတော်၊ သံဃာတော်များအား ယမန်နေ့ နံနက်ပိုင်းက ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။

ထိုသို့ ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် သီတဂူဗုဒ္ဓတက္ကသိုလ်(ကျွန်းလှ)မှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ စာချစာသင်ဆရာတော်၊ သံဃာတော်များအား မြို့နယ်ပေါ်ရပ်ကွက်ရှိ ဗုဒ္ဓဘာသာအနွယ်ဝင် ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်း အစရှိသော လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြသည်။

သီတဂူဗုဒ္ဓတက္ကသိုလ်(ကျွန်းလှ)ရှိ ဆရာတော်၊ သံဃာတော်များ ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်အတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ဝေး၊ ရပ်နီး အလှူရှင်များ၊ ဒေသခံပြည်သူများက အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ အလှည့်ကျ ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၈၀)

# မန်းတောင်ခြေဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ရာသက်ပန် ငွေပဒေသာပင်၊ ဆေးဝါးနှင့် ပဌာန်းစာအုပ်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၇၃ လမ်း၊ မန္တလေး-မတ္တရာကားလမ်းဘေးရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာတွင် ခိုကိုးရာမဲ့ သက်ကြီးရွယ်အို ဘိုးဘွားများအား လက်ခံစောင့်ရှောက်ထားရှိသည်။ ဘိုးဘွားရိပ်သာရှိ အဘိုး ၁၂ ဦး၊ အဘွား ၄၆ ဦးတို့အား စေတနာရှင်များက နံနက်စာ၊ နေ့လယ်စာ၊ ညနေစာများ နေ့စဉ် လာရောက်လှူဒါန်းကျွေးမွေးလျက်ရှိပြီး ငွေပဒေသာပင်များ၊ ဆေးဝါးနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းလျက်ရှိသည်။

ယမန်နေ့က မဟာအောင်မြေမြို့နယ်၊ ၈၄လမ်းနေ သုဓမ္မမဏိဇောတဓရ ဦးအောင်နိုင်ဆွေ + အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်မြင့်မြင့်နွယ်၊ (သား)ဒေါက်တာဟိန်းသူ၊ ကိုငြိမ်းခန့်ကျော်(သီရိရွှေစင် စိန်ရွှေရတနာဆိုင်) မိသားစုက ဘိုးဘွားများအတွက် ရာသက်ပန် ငွေပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း၊ နေ့လယ်စာ၊ ကော်ဖီ၊ မုန့်ကျွေးမွေးခြင်း၊ ဆေးဝါးနှင့် ပဌာန်းစာအုပ်များ လှူဒါန်းရာ မန်းတောင်ခြေဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးပိုမြင့်၊ အတွင်းရေးမှူး ဦးစိုးလွင်နှင့် အုပ်ချုပ်ရေးမှူး ဦးသိန်းထွဏ်တို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

မန်းတောင်ခြေဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား နံနက်စာ၊ နေ့လယ်စာ၊ ညစာများ ကျွေးမွေးလှူဒါန်းခြင်း၊ လျှော်ဒဏ်ကြောင့် ပျက်စီးသော အဆောက်အဦများ ပြင်ဆင်ရန် ငွေလှူဒါန်းလိုပါက ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူးရုံး ဖုန်း ၀၉-၂၀၅၈၂၄၇ နှင့် ၀၉-၄၀၅၀၁၄၄၆၆ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)



မီးမရှို့၊ မြေမမြှုပ်၊ စက္ကူတွေကို ဒါနလုပ်။

# တံတားဦးမြို့နယ် ဇီးချောင်းကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**တံတားဦး အောက်တိုဘာ ၁၃**

တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့ ဦးဆောင်ပြီး တံတားဦးမြို့နယ် ဇီးချောင်းကျေးရွာ၌ ရေရှားပါးမှု မဖြစ်ပေါ်စေရေးအတွက် သောက်သုံးရေများကို အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာအရောက် သွားရောက်လှူဒါန်းခဲ့ရာ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

ဇီးချောင်းကျေးရွာတွင် အိမ်ခြေ ၂၈၉ အိမ်၊ အိမ်ထောင်စု ၃၀၀ စုရှိပြီး ကျေးရွာသူ၊ ကျေးရွာသားများ သောက်သုံးရေအတွက် ရေဂါလန် ၃၀၀၀ ဆံ့ စေတနာရှင် လူမှုကူညီရေးအသင်းမှ ကားတစ်စီး၊ ရေဂါလန် ၁၆၀၀ဆံ့ မီးသတ်ယာဉ်မှ ကားတစ်စီး စုစုပေါင်း ရေဂါလန် ၄၆၀၀ ကို ကျေးရွာသူ၊ ကျေးရွာသားများ အသုံးပြုနိုင်ရန်အတွက် လှူဒါန်းပေးခြင်းဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ရဲတင့်(မြန်/ဆက်)

## ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)
## ဝန်ထမ်းလျှောက်လွှာ ခေါ်ယူခြင်း

၁။ ချမ်းမြသာစည်မြို့နယ်၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)အသင်းရုံးတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားနိုင်ပါသည်။

| စဉ် | ရာထူးအမည်/လစာနှုန်း | လစ်လပ်နေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အကြီးတန်းစာရေး (အမျိုးသား/အမျိုးသမီး) (၃၅၀,၀၀၀-၄၀၀၀-၄၂၀,၀၀၀)ကျပ် | (၁)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ |
| (ခ) | အငယ်တန်းစာရေး (အမျိုးသား/အမျိုးသမီး) (၂၈၀,၀၀၀-၃၀၀၀-၃၄၀,၀၀၀)ကျပ် | (၂)နေရာ | အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် -

(က) ကွန်ပျူတာ စာစီ/စာရိုက် ကျွမ်းကျင်ပြီး အီးမေးလ်(E-mail) ကောင်းစွာ အသုံးပြုတတ်သူ ဖြစ်ရမည်။

(ခ) လျှောက်ထားချိန်တွင် အသက်(၂၀)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) အသင်းအဖွဲ့စိတ်ဓာတ် (Team Work) ဖြင့် ပူးပေါင်းလုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

(ဃ) အလုပ်ချိန်သည် နံနက် (၀၉:၀၀)နာရီမှ ညနေ (၀၃:၀၀)နာရီအထိ ဖြစ်ပြီး အစိုးရရုံးပိတ်ရက်များတွင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပါသည်။

(င) သတ်မှတ်ရာထူးအလိုက် အနည်းဆုံး လုပ်သက် (၃)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်

(စ) ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံ၊ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ ရာထူး၊ လစာတို့အား ညှိနှိုင်းဆောင်ရွက်သွားမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည် -

(က) ဝန်ထမ်းလျှောက်လွှာ (သို့မဟုတ်) ကိုယ်ရေးရာဇဝင် (CV)

(ခ) လိုင်စင်ဓာတ်ပုံ / Passport အရွယ် ဓာတ်ပုံ(၂)ပုံ

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (လူတွေ့စစ်ဆေးချိန်တွင် မူရင်းပြသနိုင်ရမည်)

(ဃ) အိမ်ထောင်စုလူဦးရေစာရင်း (သန်းခေါင်စာရင်း)မိတ္တူ (မူရင်းပြသနိုင်ရမည်)

(င) ပညာအရည်အချင်းထောက်ခံစာ(သို့မဟုတ်)ဘွဲ့လက်မှတ်မိတ္တူ(မူရင်းပြသနိုင်ရမည်)

(စ) သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်း

၄။ လျှောက်ထားလိုသူများသည် စာရွက်စာတမ်း အပြည့်အစုံဖြင့် (၄-၁၀-၂၀၂၆)ရက်မှ (၂၃-၁၀-၂၀၂၆)ရက်အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**လျှောက်ထားရန်လိပ်စာ -**

**ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)**
**အကွက်(၄၀၆)၊ ကန်တော်ကြီးအရှေ့ဘက်၊ သံလျက်မော်တောင်ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၄၆၃၄၈၄၉၊ ၀၉-၇၉၈၈၈၈၇၀၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်(၄၁၆-ဂ)၊ ဦးပိုင်(၈-င/၃)၊ ဧရိယာ(၀ ဒသမ ၃၅၅၂)ဧကအတွင်းမှ အရှေ့လားသော်-ဒေါ်ယုယုဝင်း၊ အနောက်လားသော်-ဒေါ်ပြုံးရင်၊ မြောက်လားသော်-လမ်း၊ တောင်လားသော်-ဦးပိုင်(၉-ခ) စသည့် နယ်လေးရပ်အတွင်းရှိ အရှေ့-အနောက် ပေ(၂၀)နှင့် တောင်-မြောက် (၃၅)ပေ ဝန်းကျင်ခန့်ရှိ မြေကွက်နှင့် မြေပေါ်-မြေအောက် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ထံမှ အဆင့်ဆင့်ဝယ်ယူ လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးရဲထက်နောင်(ဘ)ဦးအောင်သန်း(၉/အမဇ(နိုင်)၀၃၀၉၂၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေအပြေအကြေ ပေးချေပြီး ဝယ်ယူခဲ့ပါသည်။

ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်း၊ တရားရုံးဒီကရီများ၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကိုမြတ် (LL.B) (စဉ်-၉၂၆၅)**
**တရားလွှတ်တော်ရှေ့နေ**
**၈၁လမ်းနှင့် ၁၃လမ်းထောင့်၊ အကွက်(၅၂)၊ ပြည်လုံးချမ်းသာရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၅၃၉၃၉၉၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာ၊ ရွှေရတနာလမ်း၊ ရွှေရတနာကွက်သစ်နေ ဦးကျော်ဝင်းထွန်း(ဘ)ဦးမြင့်မောင်(၉/မနမ(နိုင်)၀၂၃၃၆၆)နှင့် ဒေါ်မိုးသူဇာ(ဘ)ဦးသန်းမြင့်(၉/မနမ(နိုင်)၁၀၆၆၉၉)တို့မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ဝင်းထွန်းနှင့် ဒေါ်မိုးသူဇာတို့၏ သမီးဖြစ်သူ မခိုင်မြင့်မြတ်ကျော်(ဘ)ဦးကျော်ဝင်းထွန်း(၉/အမဇ(နိုင်)၀၄၉၇၄၀)ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ် ပြုမူပြောဆိုမှုများ ပြုလုပ်ခဲ့သည့်အပြင် နေအိမ်မှ မိမိသဘောဖြင့် ဆင်းသွားသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် မခိုင်မြင့်မြတ်ကျော်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ မိဘများအနေဖြင့် မခိုင်မြင့်မြတ်ကျော်ကို သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဝင်းထွန်း+ဒေါ်မိုးသူဇာ**
**ရွှေရတနာကွက်သစ်၊ ရွှေရတနာလမ်း၊ မဲကင်းကုန်းကျေးရွာ၊**
**ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၉၃-ခ)၊ ဧရိယာ ပေ (၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော (၁)ဒေါ်လှလှ(ဘ)ဦးတင်အောင်(၉/မနတ(နိုင်)၀၈၀၇၇၁)၊ (၂)ဒေါ်ခင်မျိုးအေး(ဘ)ဦးတင်အောင်(၉/မနတ(နိုင်)၁၀၃၄၄၈)၊ (၃)ဦးမြမင်း(ဘ)ဦးတင်အောင်(၉/မနတ(နိုင်)၀၈၀၇၇၁)၊ (၄)ဒေါ်ထွေးထွေး(ဘ)ဦးတင်အောင်(၉/မနတ(နိုင်)၀၅၁၉၁၄)နှင့် (၅)ဦးဝင်းလှိုင်(ဘ)ဦးတင်အောင်(၉/မနတ(နိုင်)၁၀၄၈၃၇)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၆)၊ ဦးပိုင်အမှတ်(၄၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ ပေ(၃၀×၄၅) အကျယ်အဝန်းရှိ ဦးဝင်းအောင် အမည်ဖြင့် ချထားရရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အဦး၊ ရေ+မီးမီတာ(အစုံအလင်) ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ထားပြီး စီမံခန့်ခွဲပိုင်ခွင့် ရောင်းချလွှဲပြောင်းပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုကမ်းလှမ်းရောင်းချသူများဖြစ်ကြသည့် ဦးခင်မောင်သန်း(ခ)ဦးသန်း၏ သားသမီးများဖြစ်ကြသည့် ဦးစိုင်းဇော်လင်း(၉/ပကခ(နိုင်)၀၁၃၄၁၅)၊ ဦးစိုင်းကုဋ္ဌေကျော်(၉/ပကခ(နိုင်)၀၀၄၂၆၀)၊ ဒေါ်နန်းယုလင်း(၉/ပကခ(နိုင်)၀၁၄၁၇၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးဌေးအောင် (ဥပဒေဘွဲ့) | ဦးလှဝေ (B.A, H.G.P) | ဦးနိုင်လင်း (LL.B) | ဦးအောင်ဇော်မြင့် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဦးမင်းချစ်သူ (LL.B) | ဒေါ်စာခြည်ဝင်း (LL.B) | ဒေါ်ခင်ပြုံးဝင်း (LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အကွက်(နန-၃၀/၁)၊ (ဇ)ရပ်ကွက်၊ ၅၅လမ်းနှင့် မင်္ဂလာလမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၂၆၈၀၈၅၈၁၊ ၀၉-၇၉၇၄၉၀၆၁၀

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်-၄၁၅(N-3)၊ ဦးပိုင်အမှတ်(၁၄၈)၊ ယခုကွင်းအမှတ်(၄၁၅၊ မ/၁၀)၊ ဦးပိုင်အမှတ်(၅/ခဲစင်းပြ)၊ ဧရိယာ(၂ ဒသမ ၁၅)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်-မြောက် ပေ(၂၀)၊ အရှေ့-အနောက် ပေ(၄၀) အကျယ်အဝန်းရှိ မြေကွက်၊ မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအေးမင်း(ဘ)ဦးတင်မြင့်(၉/မနမ(နိုင်)၀၀၈၈၃၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**မြို့မရပ်ကွက်၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ၀၉-၂၀၂၁၅၁၅၊ ၀၉-၉၆၂၀၂၁၅၁၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်(ယ-၄)၊ ဦးပိုင်(၅၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်အေးအေးသန်း အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်များအားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးသန်း(ဘ)ဦးထွန်းသောင်(၉/မကန(နိုင်)၀၇၉၇၄၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးညီညီချစ် (စဉ်-၄၃၆၀) B.Sc, M.Sc (Physics), D.B.L, H.G.P, RL (ADVOCATE)**
**ဒေါ်မိုးမိုးနိုင်(စဉ်-၁၃၀၂၆)　ဒေါ်ရတနာချစ်စု(စဉ်-၁၃၃၄၆)　ဒေါ်သန်းသန်းစိုး(စဉ်-၁၅၂၆၇)**
**(တရားလွှတ်တော်ရှေ့နေများ)**
**၈၇(အေ)လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ မန္တလေးမြို့။**
**Ph; 09-2003690, 09-265092061 , 09-2050566 , 09-458313345**

❖ နိုင်ငံတော် ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၃**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ သီချင်းဖြင့် တေးသရုပ်ဖော် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၅ သို့ ✳




ဒုတိယသမ္မတ ဦးညိုစော အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

## (၅)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲသို့ မြန်မာမသန်စွမ်းအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

ဂျပန်နိုင်ငံ အိုင်ချိ-နာဂိုယာမြို့တွင် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့်(၅)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲ (5th Asian Para Games)သို့ မြန်မာမသန်စွမ်းအားကစားအဖွဲ့ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ (၅)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၈ နည်း ထည့်သွင်းကျင်းပရာ မြန်မာမသန်စွမ်းအားကစားအဖွဲ့က မသန်စွမ်းပြေးခုန်ပစ်(Para Athletics)၊ မသန်စွမ်းရေကူး(Para Swimming)နှင့် မသန်စွမ်းတိုက်ကွမ်ဒို(Para Taekwondo) အားကစားနည်းများတွင် ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့အား မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်ကျော်ဦး ဦးဆောင်ကာ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်း

စာမျက်နှာ ၅ သို့ ✡

## Galaxy အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၁၃**

M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၉ ဒုတိယနေ့ကို ယနေ့ညနေပိုင်းက YUSC ကွင်း၌ Galaxy အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Galaxy အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

Galaxy အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၄ မိနစ်တွင် စိုင်းမင်းအောင်၊ ပွဲချိန် ၅၁ မိနစ်နှင့် ၅၅ မိနစ်တွင် အောင်မြတ်သာက သွင်းယူပေးခဲ့သည်။

ပွဲစဉ် ၁၉ နောက်ဆုံးနေ့ကို အောက်တိုဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ဒဂုံကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအသင်း၊ သီဟဒီပကွင်း၌ မြဝတီအသင်းနှင့် စစ်ကိုင်း ယူနိုက်တက်အသင်း၊ ဗဟန်းကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် အား/ကာ သိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(NGB)**



## ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက် ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၉၂ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ၆ ထပ် အဆောက်အအုံတစ်လုံးအားလည်း ယမ်းပြင်ယမ်းကပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံများကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှု။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀